# ဗုဒ္ဓ အလုံတော်ကျ

# ရှင်ပြု-ရဟန်းခံနည်း

ဦးဇဂ္ဂဓဝရ

မြတောင်စာသင်တိုက်၊ ပန်းတနော်မြို့


၁၁၃

၂၄၆၇၇

ဗုဒ္ဓအလိုတော်ကျ

# ရှင်ပြုရဟန်းခံနည်း

ဦးကုမာရ
မြဝတောင်စာသင်တိုက်
ပန်းတနော်မြို့

**ရွှေလင်းစာပေ**
အမှတ်-၁၄၄၊ ၅၀-လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့၊ဖုန်း ၉၁၂၁၃။

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် ၁၂၆/၉၃(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၃/၉၄(၂)

၁၉၉၄-ခုနှစ်၊ မေလ

ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

တန်ဖိုး ၁၅-ကျပ်တိတိ

အဖုံးပန်းချီ
ထိပ်တင်ဝင်း

အဖုံးဖလင်ခွဲ-အဝင်း၊ (၃၀) လမ်း

ထုတ်ဝေသူ
ဦးမြသန်း (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ
၃၅၊ ဗွဲစုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဒေါ်အေးအေးသစ် (၀၃၇၀၄)
သီဟသူရပုံနှိပ်တိုက်
အမှတ် ၂၇၊ ၅၂-လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်နှင်းရီ (၀၄၅၆၀)
သဇင်အော့ဖ်ဆက်
အမှတ် ၁၃၉၊ ၅၀-လမ်း၊ ရန်ကုန်မြို့။

# မာတိကာ


ဗုဒ္ဓအလိုတော်ကျ ရှင်ပြုနည်း

| | |
|---|---|
| နွေရာသီတွင် ရှင်ပြုချင် | ၁ |
| ထိခြင်းငါးဖြာ ရှိခိုးပါ | ၂ |
| ရှင်ပြုပေးပုံ ဤသို့စုံ | ၄ |
| ရွှေပန်းထိမ်သား သာဓကထား | ၅ |
| တစပဉ္စက ကမ္မဋ္ဌာန်း သင်စီးဖြန်း | ၆ |
| သင်္ကန်းပေးလှူ ဝတ်ဖို့ယူ | ၈ |
| ဘုရားမြတ်အား ပေးလှူထား | ၁၂ |
| ရဟန်းထံမှ တောင်းယူရ | ၁၄ |
| ရှင်ဖြစ်တောင်းရန် ဆိုရပြန် | ၁၆ |
| ဘုရားမြတ်စွာ ရှိခိုးပါ | ၁၈ |
| ဆယ်ပါးသီလ ဆောက်တည်ကြ | ၂၃ |
| သံဃာ့အလယ် ဝင်ရောက်ပုံ | ၄၁ |

## မာတိကာ

**ဗုဒ္ဓအလိုတော်ကျ ရဟန်းခံနည်း**
ဘုရားရှိခိုးခြင်း ၆၁
ဥပဇ္ဈာယ်ယူစေခြင်း ၆၁
ဂစ္ဆ + တိဋ္ဌာဟိ ၆၄
အမည်မှည့်ခြင်း ၆၅
နိဒါန်းစကား ၆၆
(၁) အနာကြီးများ ရှိသလား ၆၈
(၂) လူသားစစ်စစ် ဟုတ်ရဲ့လား ၆၉
(၃) ယောကျ်ားစစ်ရဲ့လား ၇၀
(၄) ကျွန်ဖြစ်နေသလား ၇၁
(၅) ကြွေးကင်းရဲ့လား ၇၂
(၆) မင်းမှုထမ်း ဖြစ်နေသလား ၇၃
(၇) မိဘတို့က ခွင့်ပြုကြရဲ့လား ၇၅
(၈) အသက်နှစ်ဆယ် ပြည့်ရဲ့လား ၇၆
(၉) သပိတ်သင်္ကန်း ပြည့်စုံရဲ့လား ၇၇
(၁၀) အမည်ဘယ်လိုခေါ်သလဲ ၇၈
သမဏဂမနရဟန်း ၁၀၃
ဩဝါဒရဟန်း ၁၀၃
အဋ္ဌဝါစိကရဟန်း ၁၀၃
ဥတ္တိစတုတ္ထရဟန်း ၁၀၄
ပဉှာဗျာကရဏရဟန်း ၁၀၄
အဋ္ဌဂရုဓမ္မပဋိဂ္ဂဟရဟန်း ၁၀၄
ပဉ္စင်းနှင့်စပ်၍ အခြားမှတ်ဖွယ်များ ၁၀၇

# ဗုဒ္ဓအလိုတော်ကျ ရှင်ပြုနည်း

နွေရာသီဖွင့် ရှင်ပြုပွဲ

၁၃၅၂-ခုနှစ်၊ နွေရာသီ ကျောင်းပိတ်ရက်များက ဖြစ်၏။

စာရေးသူတို့၏ မြတောင်စာသင်တိုက်သို့ ရှင်ပြု ရဟန်းခံလိုကြသူများ ရောက်လာကြပြီး အလှူရက်တောင်းကြပါသည်၊ မြတောင်ဆရာတော် ဦးဝိမလ [illegible]သည့် ပျံလွန်တော်မူပြီးဖြစ်သော ဒုတိယ မြတောင် ဆရာတော်ကြီး ဦးအရိယဝံသ၏ ဩဝါဒအတိုင်း အနည်းဆုံး (၅)ရက်လောက် သင်ကြားပေးသည့်ပုံ- ပစ္စဝေက္ခဏာ ဆင်ခြင်ပုံတို့ကို စနစ်တကျ ဖြစ်အောင် သင်ကြားပေးပြီးမှ ရှင်ပြု ရဟန်းခံ ကိစ္စတို့ကို ဆောင်ရွက်ပေးလေ့ ရှိပါသည်။

တစ်ရက် ညနေပိုင်းတွင် ပန်းတနော်မြို့ အနောက်ပိုင်း နေ ဦးသိက်ထွန်း-ဒေါ်ခင်ရွှေ တို့[illegible]သည် သူတို့၏ သား သုံးယောက်တို့ကို ရှင်ပြုပေးလိုကြောင်း လာရောက်

F-1

လျှောက်ထားနေကြပါသည်၊ မြတောင် ဆရာတော်သည် ရှင်ပြုမည့် ရက်ကို (၅) ရက် ခွာပြီး သတ်မှတ်ပေးတော် မူလိုက်ပါသည်။

နောက်ရက်တွင် မြတောင်ဆရာတော်သည် မောင်ရှင် လောင်းများကို သရဏဂုံ သင်ပေးခြင်းကိစ္စ၊ ပစ္စဝေက္ခဏာ သင်ပေးခြင်းကိစ္စများကို ဆောင်ရွက်ပေးရန် စာရေးသူ အား တာဝန် ပေးအပ်လိုက်ပါသည်။ မြတောင်ဆရာ တော်၏ တာဝန်ပေးချက်အရ စာရေးသူက မောင်ရှင် လောင်းများအား သရဏဂုံ စသည်တို့ကို သင်ပေးခဲ့ရပါ သည်။

## ထိခြင်း ငါးဖြာ ရှိခိုးပါ

'ကဲ....မင်းတို့ ယခုအချိန်ကစပြီး မောင်ရှင်လောင်းတွေ ဖြစ်လာကြပြီနော်၊ ဒီတော့ အစစ အရာရာ စနစ်တကျ ဖြစ်အောင် ရှိခိုးတာ, ဦးချတာက စပြီး သင်ပေးမယ်နော်၊ စိတ်ရှည်ရှည်ထားပြီး လိုက်နာဆောင်ရွက်ကြ ဟုတ်လား'

'မှန်ပါ အရှင်ဘုရား'

'အေး . အေး....အေး... ကောင်းတယ်၊ ကောင်းတယ်၊ ကဲ .. ကဲ ဒီလိုဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီထား၊ ချီထားတဲ့လက်အုပ်ကိုလဲ ညီပါစေ၊ မျက်ခုံးနှစ်ခုကြားမှာ ထား၊ အေး....အေး .. ဟုတ်ပြီ-ဟုတ်ပြီ၊ မှတ်ထားကြနော်၊ ကဲ....ကဲ....လိုက်ဆိုကြစမ်းပါဦး'

'လက်ချ, ဒူးချ၊ တံတောင်ချ၊ နဖူးချကာ ဦးချပါ' တဲ့၊ ရှေးဦးစွာ လက်နှစ်ဖက်ကိုချ၊ ပြီးတော့ ဒူးနှစ်ဖက်ကိုချ၊ ပြီးတော့ တံတောင်ချ၊ ဒူးနဲ့ တံတောင်နဲ့ ထိနေရမယ် နော်။ ပြီးတော့ နဖူးချ၊ လက်နှစ်ဖက်, ဒူးနှစ်ဖက်, နဖူး- အဲဒီငါးမျိုး တစ်ခုနဲ့တစ်ခုထိပြီး ရှိခိုးတာကို ထိခြင်း ဘယ်ခြင်း ငါးပါးနဲ့အညီ ရှိခိုး ဦးချတယ်လို့ ခေါ်တယ် ကွယ့်၊ ဟုတ်လား မှတ်ထားနော်'

'မှန်ပါ့ အရှင်ဘုရား၊ တပည့်တော်များ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ဘုန်းကြီးထံမှာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်း တက်ရောက် သင်ယူခဲ့ဖူးကြပါတယ် ဘုရား၊ အဲဒီထဲက စနစ်တကျနဲ့ ရှိခိုးဦးချလာတတ်ခဲ့ကြ ပါတယ် ဘုရား'

'အေး....အေး....မောင်ရှင်တို့က မှတ်မိသားပဲ၊ တချို့ အိမ်သွပြန်ရောက်ရော မေ့ကုန်ပါရော'

'မှန်ပါတယ် အရှင်ဘုရား'

'ကဲ....ကဲ....မောင်ရှင်တို့ စနစ်တကျနဲ့ ရှိခိုးဦးချတတ်ပြီ ဆိုတော့ ဘယ်သူ့ကို ရှိခိုးဦးချကြမလဲ'

'ဘုရား, တရား, သံဃာလို့ ဆိုတဲ့ ရတနာသုံးပါးကို ရှိခိုး ဦးချကြပါမယ် ဘုရား'

'အေး ...ဟုတ်ပြီ၊

ဗုဒ္ဓံ ပူဇေမိ၊ မြတ်စွာဘုရားကိုပူဇော်ပါ၏။
ဓမ္မံ ပူဇေမိ၊ တရားတော်မြတ်ကို ပူဇော်ပါ၏။
သံဃံ ပူဇေမိ၊ သံဃာတော်မြတ်အပေါင်းကို ပူဇော်ပါ၏ ...

လို့ ဆိုပြီး တစ်ကြိမ်, တစ်ကြိမ်စီ ဦးချရတယ်ကွယ့် ဟုတ်လား'

'မှန်ပါ့ အရှင်ဘုရား'

## ရှင်ပြုပေးပုံ ဤသုံးစုံ

'အဲဒီလို ရှိခိုးဦးချပြီးတဲ့အခါ ဗုဒ္ဓအလိုတော်ကျ ရှင်ပြုပုံကို ဘုန်းကြီး ပေါင်ရှင်လောင်းတို့ နားလည်အောင် ပြောပြပေးမယ်၊ နောက်တော့ လိုက်ဆိုကြတာပေါ့'

'မှန်ပါ့ အရှင်ဘုရား'

'ရှင်ပြုတယ်ဆိုတာ "ဆံရိတ် တစ်ခန်း၊ သင်္ကန်းပေးကာ၊ သရဏဂုံပေးပြီး၊ ဤသုံးပါး ခေါ်ပြီး ပဗ္ဗဇ္ဇာ" လို့ ဆိုတဲ့ စကားအရ- (၁) ဆံရိတ်ခြင်း၊ (၂) သင်္ကန်းကော်ရုံပေးခြင်း၊ (၃) သရဏဂုံ ပေးခြင်း၊ အဲဒီ ကိစ္စ သုံးမျိုး ပြုလုပ်ပေးတာကို ရှင်ပြုတယ်လို့ ဆိုတယ်ကွယ့်'

'မှန်ပါ့အရှင်ဘုရား'

'ကဲ... ဆံရိတ်တစ်ခန်း ဆိုတာ ဆံရိတ်ရတာ့ အစီအစဉ် တစ်ခု ဖြစ်တယ်ပေါ့ကွယ်၊ အဲဒီလို ဆံပင်ကို အောက်

သို့ ရိတ်ချခြင်းကို ဆံချတယ်လို့ ခေါ်တယ်၊ ခေါင်းက ဆံပင်ကို ရိတ်လို့ ခေါင်းရိတ်တယ်လို့လဲ ခေါ်ပါတယ်၊ ရှင်သာမဏေ ပြုလုပ်မယ့်သူဟာ ရှေးဦးစွာ ဆံပင်ရိတ်ရမယ်တဲ့၊ တကယ်လို့ မိမိဘာသာမိမိ အိမ်ကနေ ဆံပင်ရိတ်လာတယ်ဆိုရှင်တော့ ကျောင်းရောက်တဲ့အခါ ထပ်ရိတ်နေစရာ မလိုတော့ပါဘူး၊ မရိတ်ခဲ့ရသေးရင်တော့ ကျောင်းတိုက်အတွင်းမှာ ရှိကြတဲ့ သံဃာတော်များ အားလုံးကို ပန်ကြားပြီးမှ ရိတ်ပေးကြရမှာ ဖြစ်ပါတယ်'

'ဘယ်သူတွေက မောင်ရှင်လောင်းရဲ့ ဆံပင်များကို ရိတ်ပေးရမှာပါလဲဘုရား'

'ရဟန်းတစ်ပါးပါး- ဒါမှမဟုတ် ကိုရင်တစ်ပါးပါး- ဒါမှမဟုတ် လူတစ်ယောက်ယောက်ကနေ ရဟန်းတော်ရဲ့ စေခိုင်းချက်ဖြင့် မောင်ရှင်လောင်းရဲ့ ဆံပင်များကို ရိတ်ပေးနိုင်ပါတယ်'

ရှေပန်းထိမ်သား သာမဏေတော

ဘာဖြစ်လို့ မောင်ရှင်လောင်းရဲ့ ဆံပင်ကို သံဃာတော်များအား ပန်ကြားပြီးမှ ရိတ်ဖြတ်ပေးရတာပါလဲဘုရား'

'ဒီလိုရှိတယ်ကွယ့်၊ တို့များ မြတ်စွာဘုရား လက်ထက်တော်တုန်းက ပါပဲ၊ ရွှေပန်းထိမ်ဆရာရဲ့ သားငယ် တစ်ယောက်ဟာ မိဘများနှင့် စိတ်ဆိုးပြီး ထွက်ပြေးလာကာ

ကျောင်းတိုက်အတွင်းမှာ ကိုယ့်ဝတ်နေသတဲ့၊ မိဘများက ကျောင်းထဲ ရောက်လာကြပြီး သူတို့ရဲ့ သားရဲ့ ပုံပန်း သဏ္ဌာန်ကို ပြောပြပြီး မေးကြသတဲ့၊ ရဟန်းတော်များ ကလဲ မသိဘူး, မမြင်ဘူးလို့ ချည်း ပြောလိုက်ကြပါသတဲ့၊ မိဘများ ကျောင်းစဉ်လှည့် ရှာကြတဲ့အခါ သူတို့ရဲ့သား ကိုရဟန်းဝတ်နေတာကို တွေ့ကြသတဲ့၊ ဒီတော့ ရဟန်းတော် များကို ဒုဿီလအလဇ္ဇီတွေ လိမ်ညာပြောဆိုကြတယ်ဆိုပြီး ကဲ့ရဲ့စကား ပြောဆိုကြသတဲ့၊ အဲဒီအဖြစ်အပျက်ကလေးကို အာရုံယူပြီး နောင် ဒီလိုမဖြစ်ရလေအောင် ကျောင်း တိုက်အတွင်းမှာရှိကြတဲ့ သံဃာတော်များ အားလုံးအား ပန်ကြားပြီးမှ ခေါင်းရိတ်ပေးရမယ်လို့ ဗုဒ္ဓကိုယ်တော် တိုင် (မဟာဝါပါဠိတော် စာမျက်နှာ-၁၀၇)မှာ ပညတ် တော်မူခဲ့ခြင်း ဖြစ်တယ်ကွယ့်’

‘မိဘများအပေါ် အပြစ်မရောက်ရေးကို ရှေးရှုပြီး ဗုဒ္ဓက ပညတ်တော်မူခဲ့တာပေါ့နော်’

‘အေး ဟုတ်တယ်ကွယ့်’

တစ်ပဥ္စက ကမ္မဋ္ဌာန်း သင်စီးဖြန်း

‘ယောင်ရှင်လောင်းများ ဆံပင်ရိတ်ဖြတ်ကြတဲ့အခါမှာ တစပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင်ကြရမယ်လို့’

‘မှန်ပါ့အရှင်ဘုရား တစပဉ္စက ကမ္မဋ္ဌာန်းဆိုတာ ကိုလဲ မိန့်တော်မူပါဦး ဘုရား၊ ပြီးတော့ ဘယ်လို စီးဖြန်း ဆင်ခြင်ရမယ် ဆိုတာကိုလဲ အမိန့်ရှိတော်မူပါဘုရား’

'ကေသာ, လောမာ, နခါ, ဒန္တာ, တစောလို့ တစ-လျှပ်ငါးခုမြောက် အစုရှိတဲ့ ကမ္မဋ္ဌာန်းဖြစ်တာမို့ တစ-ပဉ္စက ကမ္မဋ္ဌာန်းရယ်လို့ အမည်ပေး ခေါ်ဆိုခြင်းပါပဲ၊ စီးဖြန်းဆင်ခြင်ပုံကတော့-'ငါ့ရဲ့ကိုယ်မှာ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေတို့ဟာ အဆင်းအားဖြင့်လဲ မလှပါတကား၊ ပုံပန်းသဏ္ဍာန်အားဖြင့်လဲ မတင့်တယ်ပါ တကား၊ အနံ့အားဖြင့်လဲ မမွှေးမကြိုင် နံစော်လှပါတကား၊ မစင်မကြယ် ဆက်ဆုပ်ရွံရှာဖွယ် အရေထူ, အရေပါး, အသားများပေါ် တည်နေပါ တကား။

'ဒီအပုပ်အသိုး ခန္ဓာဝန် အိုကြီးပေါ်မှာ တစ်နေရာစီ တည်နေရှိ စေတနာလဲ မရှိ၊ လုံ့လဗျာပါရလဲ မရှိ၊ ငါ့ကိုယ်, ငါ့ဟာ, ပုဂ္ဂိုလ်, သတ္တဝါလဲမဟုတ်၊ ဆင်းရဲအားမျှသာ ဖြစ်လို့ မြတ်နိုးစရာ ဘာအနှစ်သာရမျှမရှိတဲ့ တဖြည်းဖြည်း အိုမင်းယိုယွင်းပျက်စီးသွားရမှာပါတကား၊ အသက်ဇီဝမှ ဆိတ်သုဉ်းပြီး ငှက်ပျောတုံး, လက်ပံတုံး အလား ခက်မာကြမ်းတမ်းတဲ့ ပထဝီမြေဓာတ် သက်သက်သာ မျှသာ ဖြစ်ချေတော့တကား' ရယ်လို့ စီးဖြန်းဆင်ခြင်ရမှာ ဖြစ်တယ်ကွယ့်။'

'ဆံရိတ်, ဆံချရာမှာ ဒီတစပဉ္စက ကမ္မဋ္ဌာန်းကို မဆင်ခြင် မစီးဖြန်းမိဘူးဆိုရင် ဘယ်လိုအပြစ်တွေ ရှိ

နိုင်ပါသလဲ၊ ပြီးတော့ စီးဖြန်းဆင်ခြင်လို့ကော ဘယ်လို အကျိုးမျိုးတွေကို ရရှိနိုင်ပါသလဲ အရှင်ဘုရား'

'မစီးဖြန်း ဆင်ခြင်မိပေမယ့် အပြစ်မရှိကြပါဘူး၊ စီးဖြန်း ဆင်ခြင်မိတယ်ဆိုရင် အဲဒီ စီးဖြန်းဆင်ခြင်မိတဲ့ မောင်ရှင်လောင်းဟာ ရှေးရှေးဘဝ ပါရမီတော်ခံက သမထကမ္မဋ္ဌာန်း, ဝိပဿနာအထုံပါလာခဲ့သူဖြစ်ရင် ပွင့် လုခါနီး ပဒုမ္မာ ကြာဖူးကြီးဟာ နေအရုဏ်အလာကို စောင့်မျှော်နေသလို ခေါင်းရိတ်အပြီးမှာပင် ရဟန္တာဖြစ် ခြင်းလို့ ဆိုတဲ့ အကျိုးများကို ရရှိနိုင်ပါတယ်၊ ဘုရား လက်ထက်တော်ဘုန်းကလဲ ရဟန္တာဖြစ်ခဲ့ကြတဲ့ သာမဏေ ကိုရင်တွေ အများကြီးပဲတဲ့ယ်'

'မှန်ပါ့အရှင်ဘုရား'

'အေး....အေး....အဲဒီလို မောင်ရှင်လောင်း ဆံပင်ရိတ် ပြီးသည်အခါ သက်ဆိုင်ရာ မိဘများ- အလှူရှင်များက အဲဒီမောင်ရှင်လောင်းရဲ့ခေါင်းကို တရော်ရည်, နန္ဒင်းမှုန့်, ဆပ်ပြာမှုန့်, ဆပ်ပြာမွှေးတို့နဲ့ ပွတ်တိုက်ပြီး ရေချိုးပေး ကြရမှာ ဖြစ်ပါတယ်၊ လုပ်ပေးမယ့်သူမရှိရင်တော့ ဆရာ ဥပဇ္ဈာယ် ကိုယ်တော်တိုင် လုပ်ပေးနိုင်ပါတယ်၊ သာသနာ အတွက် မျှော်ကိုးပြီးတော့ လုပ်ပေးနိုင်ပါတယ်၊ လာဘ် လာဘမျှော်ပြီး မလုပ်ကောင်းဘူးနော်၊ ဒီလို လုပ်ပေးရ တာကလဲ လူနံ့ပျောက်သွားအောင် လုပ်ပေးခြင်းဖြစ်တယ်

လို့ ဆိုတယ်ကွယ့်၊ ဒါ-ရှင်ပြုတဲ့အခါမှာ ဗုဒ္ဓအလို တော်ကျ ဖြစ်တဲ့ နံပါတ်တစ် အစီအစဉ် အခမ်းအနား ဖြစ်တယ်ကွယ့်၊ ဒါကြောင့် ဆရာတော်ကြီးများက 'ဆံရိတ်တစ်ခန်း' လို့ မိန့်တော်မူခဲ့ခြင်းဖြစ်တယ်လေ၊ ကဲ-မောင်ရှင်တို့ သာဓုခေါ်ကြ တစ်ခန်းရပ်ကြဦးစို့'

'သာဓု၊ သာဓု၊ သာဓု'

## သင်္ကန်းပေးလှူ ဝတ်ဖို့ယူ

'မောင်ရှင်လောင်းများ ဆံချ၊ ရေမိုးချိုးပြီးတဲ့နောက် တဘက်ကိုပဲ ဖြစ်ဖြစ်၊ အဝတ်ပိုင်းကိုပဲ ဖြစ်ဖြစ် လက် ကန့်တော့တင်ပြီး ရှင်ပြုပေးမယ့် - ရဟန်းဝတ်ပေးမယ့် ရဟန်းတော်အနားမှာ ဆောင့်ကြောင့် ထိုင်နေရတယ် ကွယ့်၊ ဘလာ တုံးလုံးနဲ့တော့ ရဟန်းတော်ရဲ့ အနားမှာ မနေကောင်းဘူးကွယ့်၊ ကြည့်လို့လဲ မကောင်းပါဘူး ကွယ့်၊ ဆရာများကတော့ ပါသာဒိကဂုဏ် ငယ်တယ်လို့ မိန့်တော်မူကြတယ်ကွယ့်'

'မှန်ပါ့အရှင်ဘုရား၊ လူသားအချင်းချင်း စကားပြော တာတောင်မှ ကိုယ်တုံးလုံး ဆိုရင် ကြည့်မကောင်းပါဘူး ဘုရား၊ ရဟန်းတော်နဲ့ဆိုရင်တော့ ဘာပြောရာရှိပါ့မလဲ'

'အေး.. ဒီကနေ့ခေတ်စကားနဲ့ပြောရင်တော့ မယဉ် ကျေးဘူးပေါ့ကွယ်'

'မှန်ပါတယ် အရှင်ဘုရား'

'ရှင်ပြုပွဲတွေနေ့ကျရင် မိဘများ၊ ဒါမှမဟုတ် ရှင်ဒကာ, ဒကာမများက မောင်ရှင်လောင်းများအား သင်္ကန်း, သပိတ် ပရိက္ခရာတွေကို—

'ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ
သပရိက္ခာရံ ဣမံ စီဝရံ ပဗ္ဗဇ္ဇာပက္ခသ ဒေမ၊ ဣဒံ
မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု၊ ဣမံ
ပုညပတ္တိံ သဗ္ဗသတ္တာနံ ဒေမ

ဘန္တေ၊ အရှင်ဘုရား။ (မယံ၊ ဘုရားကပည့်တော်တို့သည်။) သံသာရဝဋ္ဋဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲ အပေါင်းမှ။ မောစနတ္ထာယ၊ လျင်မြန်စွာ ထွက်မြောက် ကျွတ်လွတ်ပါရခြင်းအကျိုးငှာ။ သပရိက္ခာရံ၊ အခြံအရံ ပရိက္ခရာနှင့် တကွသော။ ဣမံ စီဝရံ၊ ဤသင်္ကန်းကို။ ပဗ္ဗဇ္ဇာပက္ခသ၊ မောင်ရှင်လောင်းအား။ ဒေမ၊ ပေးလှူပါကုန်၏ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါ တရား လေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်သို့ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣမံ ပုညပတ္တိံ၊ ဤကုသိုလ်၏ အဖို့အစုကို။ သဗ္ဗသတ္တာနံ၊ သတ္တဝါအားလုံးတို့အား။ ဒေမ၊ အမျှအမျှ ပေးဝေပါကုန်၏။ အမျှမျှတို့၍ ချမ်းသာသုခ ရကြပါစေကုန်သော်။

['အရှင်ဘုရား၊ တပည့်တော်တို့သည် သံသရာ ဝဋ်ဆင်းရဲမှ လျင်မြန်စွာ ထွက်မြောက် ကျွတ်လွတ်ပါရ

ခြင်း အကျိုးငှာ အခြံအရံ ပရိက္ခရာနှင့် တကွသော ဤသင်္ကန်းကို မောင်ရှင်လောင်းအား ပေးလှူပါကုန်၏ အရှင်ဘုရား၊ တပည့်တော်၏ ဤ ကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်အောင် ဆောင်ရွက်ပေးနိုင်သည် ဖြစ်ပါစေ သတည်း။

ဤကုသိုလ်၏ အဖို့ဘာဂကို သတ္တဝါအားလုံးကို အား အမျှ-အမျှ ပေးဝေပါကုန်၏၊ အမျှရကြ၍ ချမ်းသာသုခ ရကြပါစေကုန်သော်....]

ရယ်လို့ ဆိုပြီး လှူဒါန်းကြလိမ့်မယ်၊ အဲဒီအခါ မောင်ရှင်လောင်းများက 'ကျန်းမာချမ်းသာသွားဖြင့် မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကို ချီးမြှောက် ယောက်ပံ့နိုင်ကြပါစေ' ရယ်လို့ စိတ်ထဲက ဒါမှမဟုတ် ဝစီမြွက်ပြီး မေတ္တာပို့ကာ ပရိက္ခရာများကို အလှူခံကြရမှာ ဖြစ်တယ် ကွယ့် မှတ်ထားကြနော်'

'ဘုန်းကြီးစကားဖြတ်လို့ တစ်ခုလောက်ထား မေး မြန်းလိုပါတယ်ဘုရား'

'**အေး....အေး....**ခမြန်း လျှောက်ထားနိုင်ပါတယ်'

'ပရိက္ခရာရှစ်ပါးကိုတော့ ဘာတွေပါပါသလဲ အရှင် ဘုရား'

'သင်းပိုင်သင်္ကန်း, ကောသီသင်္ကန်း, နှစ်ထပ်သင်္ကန်း, ခါးပန်းကြိုး, သပိတ်, သင်တုန်းဓား, သားရေစစ်, ရေစစ် တို့ဟာ ပရိက္ခရာရှစ်ပါးပဲပေါ့ကွယ်'

'ဒီလိုဆိုရင် ထီး, ဖိနပ်, ယပ်စတဲ့ ပစ္စည်းတွေကတော့ ပရိက္ခရာရှစ်ပါးထဲမှာ မပါဘူးပေါ့'

'အေးကွယ့်၊ ပရိက္ခရာရှစ်ပါးထဲမှာတော့ မပါဘူး၊ ဒါပေမယ့် ရှင်သာမဏေ, ရဟန်းတော်များရဲ့ အသုံး အဆောင် ဖြစ်သာမို့ ပရိက္ခရာထဲမှာ ပါတယ်လို့ သာ မှတ်ထားပေတော့၊ စောစောက ပြောခဲ့တဲ့ ပရိက္ခရာ ရှစ်ပါးဆိုတာရှင်ပြုတဲ့အခါ-ရဟန်းခံကြတဲ့အခါမှာ မဖြစ် မနေရှိနေရမယ့် ပရိက္ခရာတွေဖြစ်တယ်ကွယ့်၊ ထီး, ဖိနပ်, ယပ် စတဲ့ ပစ္စည်းတွေကတော့ လောလောဆယ် မပါရင်လဲ ဖြစ်နိုင်တယ်၊ တစ်ခါဘည်း လှူနိုင်ရင်တော့ ပိုကောင်းတာ ပေါ့ကွယ်၊ ရှင်ပြု, ရဟန်းခံတဲ့အခါမှာ ပဓာနဖြစ်တဲ့ ပရိက္ခရာ-ပဓာနမဖြစ်တဲ့ ပရိက္ခရာရှယ်လို့သာ မှတ်သား ထားပေတော့'

## ဘုရားမြှော်အား ပေးလှူထား

'မှန်ပါ့အရှင်ဘုရား၊ ရှင်ဒကာ, ဒကာမတွေလှူကြတဲ့ သင်္ကန်း, သပိတ် ပရိက္ခရာတွေကို မောင်ရှင်လောင်းများက ယူသွားပြီး ဘယ်လိုလုပ်ရပါမလဲ'

'မောင်ရှင်လောင်းများက အလှူခံပြီးတော့ ရှင်ပြုပေးမယ့် - ကိုရင်ဝတ်ပေးမယ့် ရဟန်းတော်ဘက်ကိုလှည့်ပြီး ဆောင့်ကြောင့်ထိုင် သင်္ကန်းကိုကိုင်ထားပြီး -

'သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ၊ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ -

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲ အပေါင်းမှ ကင်းလွတ်ထွက်မြောက်ရာဖြစ်သောနိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုရပါခြင်း အကျိုးငှာ။ ဣမံ ကာသာဝံ၊ တပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ် သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်အောင် ပြုပေးတော်မူပါကုန်ဘုရား။

[အရှင်မြတ်ဘုရား၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက် ပြုပါရခြင်းအကျိုးငှာ တပည့်တော်၏လက်၌ ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ တပည့်တော်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ရှင်သာမဏေ ဖြစ်အောင် ပြုပေးတော်မူပါကုန်ဘုရား -']

ရယ်လို့ ဆိုပြီး ရဟန်းတော်ထံ သက်နှုံးပေးအပ်ကြရပါ တယ်၊ အဲဒီပါဠိလို သုံးကြိမ်, နှစ်ကြိမ်, တစ်ကြိမ် ကြိုက် သလို ဆိုလို့ရပါတယ်၊ ပါဠိလိုပဲဖြစ်ဖြစ်၊ မြန်မာလိုပဲ ဖြစ်ဖြစ် ပါ, မြန်မာ နှစ်ဘာသာ တွဲလို့ပဲဖြစ်ဖြစ် ကြိုက် သလို ဆိုနိုင်ပါတယ်'

'မှန်ပါ့အရှင်ဘုရား'

ရဟန်းထံမှ လောင်းယူရ

'မောင်ရှင်လောင်းများရဲ့ လက်ထဲမှာ ရှိတဲ့ သင်္ကန်း များ ရဟန်းတော်ထံ ရောက်သွားတဲ့အခါ မောင်ရှင် လောင်းများက—

'သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိ- ကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ၊ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ—

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲ အပေါင်းမှ ကင်းလွတ်ထွက်မြောက်ရာဖြစ်သောနိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ။ ဧတံ ကာသာဝံ၊ အရှင်ဘုရား၏ လက်တော်၌ရှိသော ဤသင်္ကန်းကို။ ဒတွာ၊ ပေးတော်မူ၍။ မံ၊ တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်

သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်အောင် ပြုပေးတော်မူပါကုန်ဘုရား။

[အရှင်မြတ်ဘုရား၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ အရှင်ဘုရား၏ လက်တော်၌ရှိသော ယိုသင်္ကန်းကို ပေးတော်မူ၍ ဟာပညတ်တော်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ရှင်သာမဏေ ဖြစ်အောင် ပြုပေးတော်မူပါကုန်ဘုရား]—

ရယ်လို့ ဆိုပြီး ဆရာရဟန်းတော်ထံမှ သင်္ကန်းကို ပြန်တောင်းယူထားရတယ်'

'သင်္ကန်းအပ်-သင်္ကန်းပေး, သင်္ကန်းတောင်း မလုပ်တော့ဘဲ တစ်ခါတည်း ဝတ်ရုံလိုက်ရင် မရနိုင်ဘူးလား'

'ရတော့ ရတာပေါ့ကွယ်၊ ဒါပေမယ့် ဝိမတိဝိနောဒနီ ဒုတိယတွဲ စာမျက်နှာ ၉၅-မှာ ထေယျသံဝါသကအဖြစ်မှ ကင်းလွတ်စေရန် သင်္ကန်းအပ်, သင်္ကန်းပေး၊ သင်္ကန်းတောင်းရမယ်လို့ ဆိုထားတဲ့အတွက် သင်္ကန်းအပ်, သင်္ကန်းပေး, သင်္ကန်းတောင်းခြင်း ဖြစ်တယ်ကွယ့်၊ ရှင်ကောင်းရှင်မြတ်ဖြစ်ရေး အလေးပေးပြီး စီခံထားတဲ့အလုပ်ဖြစ်လို့ အပိုအလုပ်ဖြစ်တယ်လို့ မသင်နဲ့နော် မောင်ရှင်တို့'

'မှန်ပါ့အရှင်ဘုရား၊ မထင်ရပါဘုရား'

## ရှင်ဖြစ်ခွင့်တောင်းရန် ဆိုရမြဲ

'ဆရာ့ဟုန်း လက်ထဲကနေ မောင်ရှင်လောင်းတို့ သင်္ကန်း ပြန်ရပြီဆိုတော့ မောင်ရှင်လောင်းများက–

'ဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ–

ဘန္တေ၊ အရှင်မြတ်ဘုရား။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲအပေါင်းမှ။ မောစနတ္ထာယ၊ ထွက်မြောက် ကျွတ်လွတ်ပါရခြင်း အကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။

[အရှင်မြတ်ဘုရား၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် ကျွတ်လွတ်ပါရခြင်းအကျိုးငှာ ရှင်သာမဏေ အဖြစ်ကို တောင်းပန်ပါ၏ဘုရား']

ရယ်လို့ ဆိုပြီး ရှင်အဖြစ်, သာမဏေကိုရင်အဖြစ် တောင်းပန် လျှောက်ထားနေမယ်ကွယ့်၊ ဒါလဲ ပါဠိလိုပဲဖြစ်ဖြစ်၊ မြန်မာလိုပဲဖြစ်ဖြစ်၊ နှစ်ဘာသာတွဲလို့ပဲဖြစ်ဖြစ် ထိုးဖြိမ်, နှပ်ဖြိမ်, တပ်ဖြိမ် ကြိုက်သလို ဆိုနိုင်ပါတယ်၊ ရဟန်း ကိုယ်တိုင်ပဲ ဖြစ်ဖြစ်၊ စေခိုင်းခံရတဲ့ သာမဏေ, လူကပဲ ဖြစ်ဖြစ် သင်္ကန်းပေးအပ်ခံရကောင်းပါတယ်'

'အဲဒါ ''သင်္ကန်းပေးကို'' လို့ ဆိုတဲ့စကားအရ ဖြစ်တယ်ကွယ့်'

'မှန်ပါ့ အရှင်ဘုရား'

'ကဲ-သက်န်း အပ်ခြင်း, တောင်းခြင်း, ရှင်အဖြစ် တောင်းခြင်း ကိစ္စကတော့ ဒါလောက်ဆို ပြည့်စုံလောက်ပါပြီ ရွှေဆက်ကြရအောင်နော်၊ အခုလို ဆိုပြီးတဲ့အခါ မောင်ရှင်လောင်းက 'ဩကာသ- ဩကာသ- ဩကာသ' စတဲ့ ကန်တော့ချိုးကို ဆိုပြီး ရဟန်းတော်အား ရှိခိုးရတယ်ကွယ့်၊ ရဟန်းတော်က ဆုပေးပြီးဆုံးတဲ့ အခါ မောင်ရှင်လောင်းက ဆယ်ပါးသီလပေးရန် တောင်းပန်ရတယ်ကွယ့်.'

'မှန်ပါ့ အရှင်ဘုရား၊ အမိန့်ရှိတော်မူပါဘုရား'

## သီလပေးရန် တောင်းဆိုရန်

'ရှင်သာမဏေ ကျင့်ဝတ်မယ့် မောင်ရှင်လောင်းက -

'အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ- ဒေထ မေဘန္တေ။ (ဒုတိယမ္ပိ-တတိယမ္ပိ အတူဆိုပါ)

'အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ဆယ်ပါးသော ရှင်သာမဏေ သီလဖြစ်သော ကျင့်ဝတ်တရားကို တောင်းပန်ပါ၏ ဘုရား၊ အရှင်ဘုရား၊ ချီးမြှောက်ခြင်းကို ပြုတော်မူ၍ တပည့်တော်အား ကျင့်ဝတ်သီလကို ပေးသနားတော်မူပါကုန် ဘုရား -

ရယ်လို့ သီလပေးတော်မူပါရန် တောင်းပန်လျှောက်ထား ရမယ်ကွယ့်၊ သုံးကြိမ်, နှစ်ကြိမ်, တစ်ကြိမ်၊ ပြီးတော့ ပါဠိလို၊ မြန်မာလို ပါဠိ-မြန်မာလို ကြိုက်သလို ဆိုလို့ ရတယ်ကွယ့်’

‘ဘုန်းကြီးဘုရား, အင်္ဂလိပ်လို, ဂျပန်လို, ကရင်လို, တရုတ်လို ဆိုလို့ကော မရနိုင်ဘူးလား’

‘မောင်ရှင်လောင်းများ ကြိုက်တဲ့ဘာသာနဲ့ ဆိုနိုင် တယ်လို့ ဗုဒ္ဓက ဟောကြားခွင့်ပြုခဲ့တယ်ကွယ့်’

‘အရှင်ဘုရား၊ တစ်ခုလျှောက်ထားချင်ပါသေးတယ် ဘုရား၊ ခွင့်ပြုပါဘုရား’

‘ခွင့်ပြုပါတယ်၊ ပေးလေကွယ်’

‘ဘာဖြစ်လို့ သီလပေးရန် တောင်းပန်ရပါသလဲ ဘုရား’

‘အကြောင်းရှိလို့ တောင်းပန်ရတယ်ပေါ့ကွယ်၊ အဲဒီ အကြောင်းကတော့ တစ်ခါက ရှင်သာရိပုတ္တရာဟာ ရောက် လာကြတဲ့ ဒကာ, ဒကာမတွေကို သီလပေးရန် မတောင်း ပန်ကြဘဲ သီလပေးလှတ်လိုက်တယ်၊ မစောင့်ထိန်းကြလို့ နှလုံးမသာမယာ ဖြစ်ကြသတဲ့၊ အဲဒီလူတွေကို အကြောင်း ပြုပြီး သီလကိုချစ်တဲ့သူတွေက သီလတောင်းပေါ့ကွယ်၊ မောင်ရှင်တို့ သဘောပေါက်ကြရဲ့လား’

‘ပေါက်ကြပါတယ် ဘုရား’

## ဘုရားမြတ်စွာ ရှိခိုးပါ

'ကဲ . ဒီလိုဆို ရှေ့ဆက်ကြရအောင်နော်၊ မောင်ရှင်လောင်းများဟာ သီလပေးရန် တောင်းဆိုပြီးတဲ့နောက်--

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပူဇော်အထူးကို ခံတော်မူထိုက်သော, အလုံးစုံသော တရားတို့ကို မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော် မူပြီးသော, ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သိုမြတ်စွာဘုရားအား ရိုသေ ညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏' ရယ်လို့ ဆိုပြီးမြတ်စွာဘုရားအား ရှိခိုးကြရတယ်ကွယ့်၊ ဇာထကသောကြီးပုဏ္ဏားကြီး, ဘောသလမင်းကြီး, မြဘွာယ ပုဏ္ဏားကြီး, သိကြားမင်း စတဲ့ ပုဂ္ဂိုလ်များ ရှိခိုးခဲ့ကြတဲ့ အတိုဆုံးရှေးအကျဆုံး ဘုရားရှိခိုး ဖြစ်တယ်ကွယ့်၊ တို့များရဲ့ကျေးဇူးရှင်ဖြစ်တဲ့ ထူးကြီးဆရာတော်သိုရင် တရားပွဲတိုင်း, တရားပွဲတိုင်းမှာ ဒီ နမောတဿ ဂါထာနဲ့ပဲ ဘုရားရှိခိုးခဲ့တယ်ကွယ့် သုံးကြိမ်ဆိုရတယ်နော်၊ မောင်ရှင်တို့မှတ်ထား'

'မှန်ပါ့အရှင်ဘုရား'

'အေး ...အခု ပြောခဲ့ပြီးတာ သက်နိုးပေးဆိုလို့ ဆိုတဲ့စကားရဲ့ အဆက်လို့ပဲ ဆိုရမှာပဲ'

'မှန်ပါ့အရှင်ဘုရား'

## သရဏဂုံသုံးပါး ပိသဒြား

'မောင်ရှင်လောင်းတို့ "သရဏဂုံပေးဒြား ဤသုံးပါး" လို့ ဆိုတဲ့ စကားအရ သရဏဂုံယူပုံ၊ ပေးပုံ အကြောင်းကို ရောက်ပြီနော်၊ ရှင်သာမဏေဖြစ်ဖို့ အင်မတန်အရေးကြီးတဲ့ အချက်ပါပဲ၊ ပီပီသသ ဆိုနိုင်မှ ရှင်သာမဏေဖြစ်မှာနော်၊ ဆိုပုံကို ရှေးဦးစွာ သင်ပေးမယ် မှတ်ထားနော် -

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊ —

မြတ်စွာဘုရားကို၊ တရားတော်မြတ်ကို၊ သံဃာတော်မြတ် အပေါင်းကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏' ရယ်လို့ ဆိုရမှာဖြစ်ပါတယ်၊ ဒုတိယမ္ပိ-တတိယမ္ပိ တို့ကိုလဲ ဆိုရမှာဖြစ်ပါတယ်၊ အဲဒီလို ဆိုတဲ့နေရာမှာ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးဆိုတာ ရှိတယ်ကွယ့်၊ အဲဒီ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါး ထဲက ပျက်နိုင်တဲ့-ရှင်သာမဏေ မဖြစ်နိုင်တဲ့ ဗျဉ္ဇနဗုဒ္ဓိ (၄)ပါးကို ပြောပြပေးမယ် ဟုတ်လား။

(၁) သိထိလ အက္ခရာ .... လျော့လျော့ ရွတ်ဆိုရမယ့် အက္ခရာ၊

(၂) ဓနိတ အက္ခရာ.... ပြင်းပြင်း ရွတ်ဆိုရမယ့် အက္ခရာ၊

( ၃ ) နိဂ္ဂဟိတ အက္ခရာ…ရှိမှတ်ပြီး ရွတ်ဆိုရမယ့် အက္ခရာ၊

( ၄ ) ဝိမုတ္တအက္ခရာ…. ဖွင့်ပြီး ရွတ်ဆိုရမယ့် အက္ခရာ….

ရယ်လို့ ဗျဉ္ဇနဗုဒ္ဓိ (၄)မျိုးရှိတယ်ကွယ့်။

အဲဒီ လေးမျိုးနဲ့အညီ သရဏဂုံသုံးပါးကို ဆိုတတ်အောင် မှတ်ထား၊ သရဏဂုံမှာ 'ဒ္ဓံ၊ မံ၊ ဃံ၊ ဏ္ဍ' လို့ ဆိုတဲ့ အက္ခရာလေးလုံးကို ပြင်းပြင်း ရွတ်ဆိုရမယ်၊ ပြင်းပြင်း ရွတ်ဆိုရမယ်ဆိုလို့ ကာယိန္ဒြေပျက်လောက်အောင် ဆိုရမယ်လို့ မဆိုဘူးနော်၊ အကျယ်ကြီး မအော်ရဘူး၊ သိထိလ–လျော့လျော့ရွတ်ဆိုရမယ့် အက္ခရာများနှင့် ကွဲလောက်ရုံသာ ဆိုရမှာဖြစ်ပါတယ်၊ ကျန်အက္ခရာများကိုတော့ ရိုးရိုး သူ့နဂိုအသံအတိုင်း ရွတ်ဆိုရမှာ ဖြစ်တယ်၊ နိဂ္ဂဟိတ်–သေးသေးတင်ပါတဲ့ 'ဒ္ဓံ၊ မံ၊ သံဃံ၊' လို့ ဆိုတဲ့ အက္ခရာများကို နှာခေါင်းမှ လေထွက်လာအောင် နှုတ်ခမ်းကို စဉ်းငယ်, အနည်းငယ်ပိတ်ပြီး ရွတ်ဆိုရမယ်။ ဝိမုတ္တဖြစ်တဲ့ 'ဏ္ဍ' အက္ခရာကို နှာခေါင်းမှ လေမထွက်စေဘဲ နှုတ်ခမ်းကိုဖွင့်ပြီးရွတ်ဆိုရမှာဖြစ်တယ်ကွယ့်၊ကဲ….လိုက်ဆိုကြည့်စမ်း၊ အေး.. အေးဟုတ်ပြီ၊ ဒါန်းကြီးဆိုပုံကို ကြည့်နေစမ်း ဟုတ်လား၊ ကဲ–ဆိုကြည့်ကြရအောင်၊ မောင်ရှင်လောင်းတို့ကော သရဏဂုံ ပေးတဲ့ ရဟန်းတော် နှင့်ဖက်စလုံးက အခု ပြောခဲ့ပြီးတဲ့အတိုင်း ရွတ်ဆိုနိုင်ပါမှ သာ

၂၂၆၇၇

မဏောဖြစ်မှာနော်၊ တစ်ဖက်ဖက်က ချို့ယွင်းနေတယ် ဆိုရင် ရှင်သာမဏေ ကိုရင် မဖြစ်တော့ဘူးကွယ့်’

‘မှန်ပါ့အရှင်ဘုရား၊ ဘုန်းကြီးအမိန့်ရှိတာကို တပည့်တော်များ သဘောပေါက်ပါတယ်ဘုရား’

‘တပ်ခု ဆက်လျှောက်ထား မေးမြန်းပါရစေဦးဘုရား’

‘အေး....အေး .. မေးနိုင်ပါတယ်’

‘တခြားမဟုတ်ပါဘူး၊ သရဏဂုံသုံးပါးကို ပါဠိလို မဆိုဘဲ ကရင်လို၊ မြန်မာလို၊ တရုတ်လို၊ အင်္ဂလိပ်လို ဆိုမယ် ဆိုရင် မရနိုင်ဘူးလားဘုရား’

‘ပါဠိဘာသာနဲ့သာ ဆိုရမယ်လို့ ဗုဒ္ဓရဲ့ ပညတ်ချက် ရှိတာမို့ မောင်ရှင်တို့ မေးတဲ့ဘာသာတွေနဲ့ဆိုရင် ရှင်သာမဏေ မဖြစ်နိုင်ဘူးလို့ ဆိုရမှာပါပဲ’

‘မှန်ပါ့ အရှင်ဘုရား’

‘မောင်ရှင်လောင်းများ ရှင်သာမဏေ ဖြစ်သွားကြတဲ့အခါ ဆက်လက်ပြီး မောင်ရှင်လောင်းများ တောင်းထား ..အကျိုး ဆယ်ပါးသီလကို စောင့်ထိန်းနိုင်ကြရန် ဆယ်ပါးသီလကို ဆောက်တည်ကြရမယ်ကွယ့်’

‘မှန်ပါ့ အရှင်ဘုရား’

## ဆယ်ပါးသီလ ဆောက်တည်ကြ

'ဆယ်ပါးသီလကို ပါဠိလို့, မြန်မာလို နှစ်ဘာသာဖြင့် ပြောပြမယ်'

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သူတစ်ပါး ပစ္စည်းဥစ္စာတို့ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

(၃ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေ ရည် သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏၊

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

နေ့လွဲညစာစားခြင်းမှ ရှောင်ကြဉ်ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, သာသနာတော်၏ ငြောင့်တံကျင် သဖွယ် ဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူ- သနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။

ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း နံ့သာပျောင်း တို့ဖြင့် အတင့်အတယ် ပြုခြင်းမှ ရှောင်ကြဉ် ပါ၏။

(၉) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မြင့်သောနေရာ, မြတ်သောနေရာတို့၌ နေခြင်း မှ ရှောင်ကြဉ်ပါ၏။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ရွှေ, ငွေ, ဒင်္ဂါး, ပိုက်ဆံ, ငွေစက္ကူတို့ကို ကိုင်ခံခြင်းမှ ရှောင်ကြဉ်ပါ၏’လို့ ဆိုရမယ်ကွယ့်။

‘မှန်ပါ့ အရှင်ဘုရား၊ သရဏဂုံသုံးပါးကို ပီပီသသ ဆိုနိုင်ပြီဆိုရင် ရှင်သာမဏေဖြစ်ပြီလို့ဆိုပြီး အခုတစ်ခါ ရှင်သာမဏေတို့ ကျင့်သုံးရမယ့် သီလတို့ကို ဘာဖြစ်လို့ ထပ်ယူရပါသလဲ’

‘မောင်ရှင်တို့မေးတာ ဟုတ်တယ်ကွယ့်၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ-မှာ ‘မိ’ အက္ခရာဆုံးရင် ရှင်သာမဏေ ကိုရင်ဖြစ်တော့တာပါပဲ၊ ရှင်သာမဏေ ကိုရင်တို့ ကျင့်သုံးကြရမယ့် ဆယ်ပါးသီလ, လိင်ဆယ်ပါး ဒဏ်ဆယ်ပါးတို့က စပြီး ကျင့်ဝတ်သိက္ခာပုဒ်များ အားလုံး ပြီးပြည့်စုံတော့တာပါပဲ၊ ဆယ်ပါးသီလ သီးခြား ခံယူ ဆောက်တည်နေဖို့ မလိုတော့ပါဘူး၊ သီးခြား ခံယူ ဆောက်တည်တော့ကော အပြစ်ရှိသလားလို့ ဆိုတော့ ရှိပါဘူး၊ သိက္ခာပုဒ် သရုပ်များတောင် ကျေကျေပွန်ပွန် ရခြင်းလို့ ဆိုတဲ့ အကျိုးများကို ရရှိနိုင်ပါသေးဘယ်၊ ဗုဒ္ဓရဲ့ သားတော်ကလေး ရှင်ရာဟုလာ သာသနာတော် ဘောင်တွင်း ရောက်လာတော့ ‘ငါတို့ သာမဏေများ လိုက်နာကျင့်သုံးရမယ့် သိက္ခာပုဒ်တွေ ဘယ်လောက်များ ရှိပါသလဲ’ ဟု စဉ်းစားပြီး မြတ်စွာဘုရားအား လျှောက်

ထားတော့ မြတ်စွာဘုရားက ဆယ်ပါးသီလ သိက္ခာပုဒ်များကို ကျင့်ရမယ်ဆိုပြီး (မဟာဝါပါဠိတော် စာမျက်နှာ ၁၁၇-မှာ) ပညတ်တော်မူခဲ့တယ်'

'မှန်ပါ့ အရှင်ဘုရား'

## ဥပဇ္ဈာယ်ဆရာ ယူထားပါ

'မောင်ရှင်လောင်းများ ရှင်သာမဏေ ဖြစ်ပြီးတော့ ဒီအတိုင်း မနေကောင်းဘူးကွယ့်၊ အပြစ်ကြီး၊ အပြစ်ငယ် အသွယ်သွယ်ကို ကြည့်ရှုမပြတ် ဆိုဆုံးမမယ့် ဥပဇ္ဈာယ် ဆရာကို ယူထားကြရမယ်ကွယ့်၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ-အရှင်ဘုရား အရှင်ဘုရားသည် တပည့်တော်၏ အပြစ်ကြီး၊ အပြစ်ငယ် အသွယ်သွယ်ကို ကြည့်ရှုမပြတ် ဆိုဆုံးမမယ့် ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဘုရား'ရယ်လို့ ဆိုပြီး ဥပဇ္ဈာယ်ယူရတယ်ကွယ့်၊ သုံးကြိမ်၊ နှစ်ကြိမ်၊ တစ်ကြိမ် ကြိုက်ရာတာသာနဲ့ ဆိုကောင်းပါတယ်'

'တုန်းကြီးဘုရား၊ ဘာဖြစ်လို့ ဥပဇ္ဈာယ် ယူရတာ ပါလဲ ဘုရား'

'အကျပ်မရှိတဲ့တောင်းဟာ အပျက်အစီး မြန်သလို ဆုံးမမယ့် ဥပဇ္ဈာယ်ဆရာ မရှိတဲ့ မောင်ရှင်တို့ဟာလဲ ပျက်စီးတတ်တယ်၊ ဒါကြောင့် ဥပဇ္ဈာယ်ယူရခြင်း ဖြစ်တော်လို့ မှတ်ပါ'

'မှန်ပါ့ အရှင်ဘုရား'

'မောင်ရှင်တို့ ဥပဇ္ဈာယ် ယူပြီးပဲနောက် ဆရာနဲ့ တပည့် အချင်းချင်း ပြုလုပ်ကြရမယ့် တာဝန် ဝတ္တရား များ ဆိုတာ ရှိနေကြတယ်ကွယ်၊ မပြုလုပ်မိဘူးဆိုရင် အပြစ်ဖြစ်တယ်၊ ဒါကြောင့်လဲ အဲဒီအပြစ်တွေ ကင်းလွတ် ရလေအောင်—

'အရှင်ဘုရား၊ တပည့်တော်တို့သည် ဆရာ ဥပဇ္ဈာယ် အပေါ်၌ ပြုလုပ်ကြရမယ့် တာဝန်ဝတ္တရားများ ရှိရှိနေ ပါ၏၊ ထိုတာဝန်ဝတ္တရားများကို ခွင့်ပြုတော်မူပါဘုရား၊ အရှင်ဘုရားတို့ ချမ်းသာစွာ နေတော်မူကြပါ ဘုရား၊ တပည့်တော်တို့ကလဲ ခွင့်ပြုပါ၏ဘုရား' ဟယ်လို့ လျှောက် ထား တောင်းပန် ထားရတယ်ကွယ်၊ ကဲ-တို့များပြောခဲ့ ပြီးတဲ့ 'သရဏဂုံပေးငြား' ဆိုတဲ့ အခန်းပြီးပြီကွယ်၊ အခု ပြောခဲ့ပြီးတဲ့ အင်္ဂါသုံးချက်နဲ့ ညီပါမှ မောင်ရှင်လောင်း များဟာ ရှင်သာမဏေ ကိုရင် ဖြစ်ကြမှာနော်၊ ဒါကြောင့် မောင်ရှင်လောင်းများ ဗုဒ္ဓအလိုတော်ကျ ရှင်ပြုနည်း ဖြစ် အောင် ကြိုးစားကြကွယ်၊ အိမ်ပြန်ရောက်တဲ့အခါကျရင် ခြစ်ပေးလိုက်တာတွေကို အကျက်ထားကြ ဟုတ်လား'

'မှန်ပါ့ အရှင်ဘုရား'

'ကဲ- မနက်ဖြန် လာခဲ့ကြဦးနော်၊ မပြီးသေးဘူး၊ မောင်ရှင်လောင်းများရဲ့ မိဘများကိုလဲ ခေါ်ခဲ့ကြပါဦး'

'မှန်ပါ့ အရှင်ဘုရား၊ ခေါ်ခဲ့ပါမယ်ဘုရား'

'ဒီကနေ့ သာဓု သုံးကြိမ်ခေါ်ပြီး အဆုံးသတ်ကြပါ စို့ရှဲ'

'သာဓု သာဓု-သာဓု'

'ကဲ….လာကြမောင်ရှင်လောင်းတို့၊ မနေ့က သင်ပေး လိုက်တဲ့အတိုင်း ဘုရားဝပ်ချ ကန်တော့ကြ၊ ပြီးတော့ ဘုန်းကြီးကို ဝပ်ချကန်တော့ကြ'

'မှန်ပါ့ အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ အမေနှင့် အဖေတို့လဲ ပါကြပါတယ်ဘုရား'

'အေး-အေး-ကောင်းပြီ-ကောင်းပြီ၊ ဒကာတို့ ဒကာ မတို့ ခေါ်ရတာ တခြားကြောင့် မဟုတ်ဘူး၊ အလှူဒါန ပြုကြတဲ့ အခါမှာ အပြစ်ကင်းပြီး ကုသိုလ်များများရ အောင်လို့ ပြောပြမလို့ခေါ်တာ'

'မှန်ပါ့ အမိန့်ရှိတော်မူပါဘုရား၊ တပည့်တော်တို့ကလဲ ချမ်းသာလို့ လှူတာ မဟုတ်ပါဘုရား၊ မရှိတဲ့ကြားထဲက လှူဒါန်းကြတာ ဖြစ်ပါတယ် ဘုရား၊ ဘုန်းကြီးဘုရား များ ပြောတဲ့ အမိန့်ရှိတဲ့အတိုင်း တပည့်တော်များ လိုက် နာကြပါမယ်ဘုရား'

'အေး-အေး၊ ကောင်းတယ်-ကောင်းတယ်၊ ဒကာတို့ ဒကာမတို့ အလှူခံကျရင် ရှင်လောင်းလှည့်ဦးမှာလား'

'မလိုအပ်ရင်တော့ မလုပ်လိုကြတော့ပါဘုရား'

## ရှင်လောင်းလှည့်

'အေးကွယ့်၊ ဒကာတို့ ဒကာမတို့ စဉ်းစားကြပေါ့ ကွယ်၊ ရှင်လောင်း လှည့်တယ်ဆိုတာ ကိုမျှားခေတ်ကျမှ လှည့်တာမဟုတ်ဘူးကွယ့်၊ နှစ်ပေါင်း များစွာကထဲက ဆိုပါတော့လေ၊ ရှင်ပြုမင်္ဂလာကို ဂေါတမဗုဒ္ဓရဲ့လက်ထက် သာဝတ္ထိမြို့သား ကိုပဏ္ဍိတနှင့် ကိုသုဝေတို့က စတင်ခဲ့တယ် ကွယ့်၊ သူတို့လက်ထက်မှာတော့ အဲဒီ ရှင်လောင်းလှည့်တဲ့ ကိစ္စဟာ မကြီးကျယ်ခဲ့သေးဘူး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးတဲ့ ဘီစီ (၂၆၄-၂၂၇) အထိ အိန္ဒိယနိုင်ငံကို ဦး ဆောင် ဦးကိုင်ပြုခဲ့တဲ့ မောရိယမင်းလက်ထက်မှာ အထက် မြက်ဆုံး အထင်ရှားဆုံးဖြစ်တဲ့ အသောကမင်းကြီး လက် ထက်ကျမှ ကြီးကျယ်ခမ်းနားလာတယ်လို့ သုတေသီတို့က ဆိုတယ်ကွယ့်၊ ရှင်လောင်းလှည့်တာကလဲ ကြီးကျယ်လှ ပါသတဲ့'

'အသောကမင်းကြီးရဲ့ညီတော် အိမ်ရှေ့တိဿမင်းသား ရှင်ပြုစဉ်က အသောကမင်းကြီး ကိုယ်တော်တိုင် အသောကာရုံ ကျောင်းကို သွားတဲ့လမ်းကို တန်ဆာ အမျိုးမျိုးနှင့် တန်ဆာဆင်ပြီး တိဿမင်းသားကိုဘဲ နှစ် သက်စေနိုင်တဲ့ ပွဲလမ်းသဘင်ဝင်တဲ့ အဝတ်အစားများကို ဝတ်စားဆင်ယင်ပြီး စစ်အင်္ဂါအခြံအရံလေးမျိုး ခြံရံကာ အသောကာရုံကျောင်းတိုက်သို့ ပို့ဆောင်ခဲ့ကြပြီး ရှင်ပြု ပေးခဲ့ကြပါတယ်'

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၄၁)

'သုခမင်းသားကလေးကို ရှင်ပြုပေးတဲ့အခါတုန်းကလဲ ဝိသင်ဖြူကြူက "ငါ့သားကလေးကို လူ့ဘဝမှာ ပြုလုပ်ချီးမြှောက်စရာ ရှိသမျှကိုတော့ ဒီနေ့ အကုန်လုံး ပြုစုချီးမြှောက်လိုက်မယ်" လို့ ဆိုပြီး သားကလေးကို အဆင်တန်ဆာ အမျိုးမျိုး ဆင်မြန်းပြီး ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံတဲ့ ခမ်းနားကြီးကျယ်လှတဲ့ အစီအစဉ်နဲ့ ကျောင်းတော်သို့ ပို့ဆောင်ပြီးတော့ ရှင်ပြုပေးခဲ့ပါတယ်'

(ဓမ္မပဒ၊ ဌ၊ ဒု၊ ၆၀)

'တိဿမင်းသား၊ သုခ၊ ပဏ္ဍိတတို့ ရှင်ပြုပွဲမှ ရှင်လောင်း လှည့်ခြင်းဆိုတာ ဖြစ်ပေါ်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်'

## ရှင်လောင်းလှည့်ပုံ အစီအစဉ်

အရှင်ဘုရား တစ်ခု လျှောက်ထားချင်ပါသေးတယ် ဘုရား၊ ခွင့်ပြုတော်မူပါဘုရား'

'လျှောက်ထားနိုင်ပါတယ်'

'ဒီလိုပါဘုရား၊ ရှင်လောင်းလှည့်တဲ့အခါမှာ ဘယ်လို နေရာယူပြီး သွားကြရမှာပါ ဘုရား'

'ဒီနေ့ ခေတ်အရ ပြောမယ်ဆိုရင်တော့ ရှင်လောင်းလှည့်တာဟာ ရှင်ပြုမင်္ဂလာပွဲရဲ့ စိတ်အဝင်စားဆုံးနှင့်

အခါက လုပ်ဆောင်ချက်များလို့ ပင် ဆိုရတော့မှာ ဖြစ်ပါတယ်၊ အချို့နေရာမှာ မောင်ရှင်လောင်းများဟာ မြင်းပေါ်၊ စက်ဘီးပေါ်ကနေ စီးကရက် ခဲပြီးတော့တောင် ရှင်လောင်းလှည့်သွားကြပြီဒကာရဲ၊ ငမ်းနည်းစရာပဲနော်။

'ကဲ... သွားပါတော့၊ ဒကာမေးတာကိုပဲ ပြောပြပါ့မယ်၊ ရှင်လောင်းလှည့်ပွဲမှာ အသုံးပြုကြတဲ့ ယာဉ်များကတော့ ဆင်၊ မြင်း၊ ရထားယာဉ်၊ လှည်း၊ ထမ်းစင်၊ စက်ဘီး စတဲ့ ယာဉ်တွေပေါ့ကွယ်၊ အဆင်ပြေရာ၊ တတ်နိုင်ရာ၊ ရရာယာဉ်များနှင့် လှည့်ကြရခြင်းပါပဲ'

'ရှင်လောင်းလှည့်တဲ့အခါမှာ ရွှေအိုး၊ ထီးတော်မိုး၊ ရှိုးလိုက် အမျိုးသားများ၊ အမျိုးသမီးများ၊ ကွမ်းတောင်ပန်းတောင်ကိုင် အမျိုးသမီးများ၊ ပရိက္ခရာရှစ်ပါး ကိုင်ဆောင်ကြသော ရှင့်ဒကာ၊ ဒကာမများ၊ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ကိုင်ဆောင်ကြသော အမျိုးသားများ၊ လှူဖွယ်ဝတ္ထု ကိုင်ဆောင်ကြသော အမျိုးသမီးများ၊ ပရိတ်အိုးယူ အမျိုးသမီးများ၊ ပရိသတ်များ အစဉ်အတိုင်း လိုက်ပါကြရပါတယ်၊ မောင်ရှင်လောင်းကတော့ အရှေ့ဆုံးကပေါ့ကွယ်၊ မောင်ရှင်လောင်းရဲ့ နောက်ကတော့ အတီးအမှုတ်အဖွဲ့ လိုက်ပါကြရတယ်ကွယ်'

'ဘုန်းကြီးရဲ့ အမြင် ပြောမယ်ဆိုရင်တော့ တံခွန်၊ ကုက္ကား၊ မုလေးပွား ကိုင်ဆောင်ကြသူများက ရှေ့ဆုံးက သွားရမှာဖြစ်ပါတယ်၊ သူတို့ရဲ့နောက်ကတော့ မောင်ရှင်

လောင်းများ သင်္ကန်း, သပိတ်, ပရိက္ခရာ ကိုင်ဆောင်ကြသူများ, ပရိတ်အိုး ယူကြသူများ၊ ကွမ်းတောင်ကိုင်, ပန်းဘောင်ကိုင်များ၊ ရှိုးလိုက်ကြသူများ၊ အမျိုးအမှတ်အဖွဲ့များက အစဉ်အတိုင်း လိုက်ပါကြရမှာ ဖြစ်ပါတယ်၊ ဒါပေမယ့်ကွယ် ဘယ်လိုပဲဖြစ်ဖြစ် ရှင်လောင်းလှည့်တာတော့ ဖြစ်ဘာချည်းပါပဲ'

'မှန်ပါ့အရှင်ဘုရား- ရှိုးလိုက်တယ်ဆိုတာကိုလဲ ရှင်းပြပေးပါဦး ဘုရား'

'ရှင်လောင်းလှည့်တဲ့အခါ အမျိုးသားများ, အမျိုးသမီးများက တစ်ဖွဲ့စီ, တစ်ဖက်စီ, တစ်ပြန့်စီ အသီးသီး ရှိုးလိုက်ရတာကို သီဆိုကြတယ်ကွယ့်၊ ရှိုးလိုက်ရတာရယ်လို့ ခေါ်ဆိုရခြင်းမှာလဲ အခံ, အအုပ်, ရတု တစ်ပိုဒ်စီရဲ့အဆုံးမှာ ရှိုးလို့ တစ်ပြိုင်နက်ဆိုရပါတယ်၊ အဲဒီလိုဆိုတဲ့ရတုကိုလဲ ရှင်လောင်းလှည့်တဲ့အခါမှာ ဆိုရတာဖြစ်လို့ ရှင်လောင်းလှည့်ရတုရယ်လို့ ခေါ်ဆိုရပါတယ်။

'မြန်မာနိုင်ငံ မြေပြန့်အချို့ဒေသများမှာ 'ရှိုး'ရယ်လို့ ဆိုကြတယ်၊ အချို့ဒေသမှာတော့ 'ရွှေး'လို့ ဆိုကြပါတယ်၊ အချို့ဒေသများမှာတော့ 'ရွှတ်' ရယ်လို့ ဒေသအလိုက် ဆိုကြတယ်ကွယ့်၊ အဲဒီရှင်လောင်းလှည့်ရတုကို စတင် ရေးသားလိုက်တဲ့သူကတော့ မြောက်ဦးခေတ် ရခိုင်စာဆိုကြီး ဥက္ကာပျံပဲဖြစ်ပါတယ်၊ ဥက္ကာပျံဟာ မြန်မာနိုင်ငံ အင်းဝသို့ မြန်မာသက္ကရာဇ် (၉၀၇)

ခုနှစ်မှာ သံခင်း,တမန်ခင်းအဖြစ် ရောက်ရှိလာခဲ့ရာ မြန်မာ စာဆိုရှင် နဝဒေးမင်းကြီးနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ စာပေ ယဉ်ကျေးမှု ဆွေးနွေးရာမှ အဲဒီဓလေ့များလဲ မြန်မာနိုင်ငံသို့ ပျံ့နှံ့လာခဲ့ခြင်း ဖြစ်ပါတယ်၊ ဝက်မစွပ်နဝဒေးခေတ် ရောက်တဲ့အခါ အဲဒီဓလေ့များဟာ အတော်ဆန်းသစ်လာ ခဲ့ပါတယ်'

(မြန်မာ့ဓလေ့ ရှင်ပြုမင်္ဂလာ စာအုပ်)

'ဘုန်းကြီးဘုရား၊ ရှင်လောင်း နတ်ပြတယ်ဆိုတာ ဘယ် တုန်းက စ,ခဲ့ပါသလဲ၊ ပြီးတော့ နတ်ပြခြင်းကြောင့် ဘယ်လို အကျိုးများ ရနိုင်ပါသလဲ၊ မပြခြင်းကြောင့် ဘယ်လို အပြစ်များ ရနိုင်ပါသလဲဘုရား၊ အမိန့်ရှိပါဦး'

'အေးကွယ့်၊ ဒီအကြောင်းကို ပြောရမယ်ဆိုရင် အတော်ကျယ်တယ်ကွယ့်၊ လိုရင်းကိုပဲ ပြောပြပါ့မယ်၊ ရှင်လောင်း နတ်ပြတဲ့ အစဉ်အလာဟာ ပုဂံခေတ်က စခဲ့ တယ်လို့ သုတေသီများက ဆိုကြတယ်ကွယ့်၊ နတ်ပြ ခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးတွေကတော့ နတ်ပြတဲ့ ရှင်လောင်းများကို တွေ့မြင်ကြရတဲ့ နတ်များက 'တော် ပါပေ့၊ ကောင်းပါပေ့၊ သာဓု- သာဓု' ရယ်လို့ ကောင်းချီးနုမော် သာဓု ခေါ်ကြရပါတယ်၊ အဲဒီလို သာဓုခေါ်ကြရတဲ့ နတ်များမှာ ပတ္တာ နုမောဒနကောင်းမှု ကံကြောင့် ချမ်းသာသုခ ရရှိနိုင်ပါတယ်၊ ဒါဟာ နတ်ပြ ခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးတရားများပါပဲ'

'နတ်မပြခြင်းကြောင့် အဲဒီ အကျိုးများ မရရှိနိုင်တော့ပါ၊ ဒါပေမယ့် အပြစ်တော့ မရှိပါဘူး၊ နတ်ပြတယ်ဆိုတာ နတ်ကွန်း၊ နတ်စင်ရှိတဲ့နေရာ၊ ဒါမှမဟုတ် နတ်ရှိတယ်လို့ သတ်မှတ်ထားတဲ့ သစ်ပင်ကြီးများရှိရာသို့ အုန်း၊ ငှက်ပျောပွဲများနဲ့ သွားရောက်ကြပြီး မောင်ရှင်လောင်းကို နတ်များအား ပြသခြင်းပင် ဖြစ်ပါတယ်၊ အခုခေတ်တော့ ဒီလိုမဟုတ်တော့ဘဲ မောင်ရှင်လောင်းတွေက နတ်တွေကို ရှိခိုးဦးချနေကြရပါတယ်၊ အတော် ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စပါပဲ၊ဒါကို ဒကာတို့ရှောင်ကြနော်၊ အမှန်မှာတော့ မောင်ရှင်လောင်းတွေကို နတ်တွေက ရှိခိုးဦးချရမှာ ဖြစ်တယ်လေ'

'မှန်ပါ၊ တပည့်တော်တို့လဲ စောစောက ဘုန်းကြီးအမိန့်ရှိသလို ရှင်လောင်းတွေက နတ်တွေကို ရှိခိုးကြရတယ်လို့ပဲ ထင်နေကြပါတယ်ဘုရား'

'ပြောဦးမယ်ကွယ့်၊ နတ်များဟာ ဆံမုတ်ဆိတ်ကို ပယ်စွန့်ပြီး လူများ ရှင်ပြုတော့မယ်၊ ရဟန်းပြုတော့မယ်လို့ ကြံစည်တွေးတောပြီး နေတဲ့ အချိန်အခါက စပြီးတော့ လူတို့ တရားကျင့်ရာ၊ ရဟန္တာဖြစ်ရာ ကာလများမှာ "မာရ်မင်းနှင့် စစ်ထိုးရန် စစ်ပြင်ဆင်ပြီ၊ မာရ်မင်းနှင့် စစ်ထိုးပြီ၊ စစ်မြေပြင်ကို စိုးမိုးပိုင်နိုင်သွားပြီ" ရယ်လို့ ကောင်းချီးသြဘာ မင်္ဂလာစကားများ ကြွေးကြော်ကာ

လူသားများကို ရှိခိုး ဦးတင်ကြတယ်လို့ မြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့တယ်ကွယ်။'

(ဋီကာဝုတ်၊ ပါ၊ ၂၄၆၊ ဋ္ဌ၊ ၂၃၉)

'ပြီးတော့ သိကြားမင်းက "လူသားများထဲကကောင်းမှုကုသိုလ် ပြုလုပ်နေသူ၊ သီလရှိသူ၊ သရဏဂုံတည်သူ၊ တရားနှင့် အညီ သားမယားကို လုပ်ကျွေးသူ" များကိုလဲ ရှိခိုးတယ်လို့ မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့တယ်ကွယ်။'

(သဂါထာ၊ ပါ၊ ၂၃၉၊ ဋ္ဌ၊ ၃၂၂)

'ကဲ .. ဒါဒေလာက်ဆို ဒကာတို့ ဒကာမတို့ ဘယ်သူက ခိုရှိုးကြရမယ်ဆိုတာ ကောင်းကောင်းကြီး သဘောပေါက်ပါပြီနော်'

'မှန်ပါ့ အရှင်ဘုရား၊ တပည့်တော်တို့ သဘောပေါက်ပါပြီဘုရား'

'သဘောပေါက်ပြီး လက်တွေ့လဲ လိုက်နာကျင့်သုံးကြကွယ်။ ဒါမှ မိမိတို့ လူဖြစ်ကြရတာ တန်ဖိုးရှိမှာနော်'

'မှန်ပါ့အရှင်ဘုရား'

'မောင်ရှင်လောင်းများကို အပ်ချည်များနဲ့ တိုင်းထားတာကို ဘာဖြစ်လို့ မင်းခိုချည်ရယ်လို့ ခေါ်ရပါသလဲ'

'အေးကွယ့်၊ ဒါလဲ သိထားသင့်တဲ့ကိစ္စပဲ၊ တိုတိုပဲ ပြောကြပါစို့ကွယ်၊ တစ်စုံတစ်ခု အန္တရာယ်များ ကျရောက်မယ့်အခါ ဘေးကင်းရာ နေရာတို့ကို ရှာကြံကြရပါတယ်၊ အဲဒီ ဘေးကင်းရာ နေရာကို မှီခိုရာလို့ ဆိုပါတယ်၊ အဲဒီနေရာကို မင်းများ ခိုလှုံကြတဲ့အတွက် 'မင်းခို' ရယ်လို့ ခေါ်ပါတယ်၊ ပရိတ်ချည်များကိုလဲ ဘေးကင်းရာ ပစ္စည်းရယ်လို့ ဆိုကြပါတယ်၊ အဲဒီ ဘေးကင်းရာ ဖြစ်တဲ့ ပရိတ်ချည်များမှာ မင်းများမှီခိုပြီး နေရာဖြစ်လို့ 'မင်းခိုချည်'ရယ်လို့ ဆိုခြင်းဖြစ်ပါတယ်၊ ဒီအကြောင်းကို ဇာတက အဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၄၂၀-မှာ အကျယ် ဆိုထားပါတယ်၊ ပြီးတော့ ပရိတ်ရွတ်ပြီးတဲ့ ချည်ကို မင်းသား၊ မင်းသမီးတို့ရဲ့ ကိုယ်မှာ ချည်စွပ်ရတဲ့ အတွက်လဲ 'မင်းကိုယ်ချည်'ရယ်လို့ ခေါ်ဆိုပါသေးတယ်၊ ဒီအကြောင်းကိုတော့ 'သာသနာ့ဝံသပ္ပဒီပိကာ' စာအုပ် စာမျက်နှာ ၄၂-မှာ အကျယ်ဆိုထားတယ်ကွယ့်'

'ပြီးတော့ ကိလေသာမာရ်ကို အောင်ရန် သာသနာ့ဘောင်သို့ ဝင်ရောက်လာတဲ့ မောင်ရှင်လောင်းတို့ရဲ့ လည်မှာ စွပ်ပြီးတော့ ဒါမှမဟုတ် ရစ်ဝိုင်းပြီး ပရိတ်ရွတ်ရတဲ့ ချည်' ဖြစ်လို့ 'အောင်ချည်' ရယ်လို့လဲ ခေါ်ပါသေးတယ်၊ ဒီအကြောင်းကိုတော့ ဇာတိဝုတ် အဋ္ဌကထာ စာမျက်နှာ ၂၄၆-မှာ အကျယ်ဆိုထားပါတယ်၊ အချို့က အဲဒီအောင်ချည်ကိုပဲ အတွတ်အမြတ် နေရာဖြစ်တဲ့ မှန်ကူ

မှာ အသုံးပြုရတဲ့ချည် ဖြစ်တာမို့ 'မှန်ကူချည်'လို့ ဆိုကြပါသေးတယ်၊ ဆိုလိုရင်းအဓိပ္ပာယ်မှာတော့ 'မြတ်သောချည်'လို့ပဲ ဖြစ်ပါတယ်၊ ပြီးတော့ ဗောဓိပက္ခိယတရား (၃၇)ပါးကို ရည်ရွယ်ပြီး (၃၇)မျှင်၊ လောကုတ္တရာတရား (၉)ပါးကို ရည်ရွယ်ပြီး (၉)မျှင် စသည်ဖြင့် ပရိတ်ချည်ကြိုးကို ရစ်ဝိုင်းကြပါတယ်။

'ကဲ.... တစ်ဆက်တည်းပဲ "သာသနာ့အမွေခံ" နှင့် ပတ်သက်လို့ တိုတို ပြောပြဦးမယ်နော်၊ သာသနာ့အမွေခံဆိုတာ လူတိုင်း မခံယူထိုက်ဘူးကွယ့်၊ လောကမှာ မိဘတို့ရဲ့ ပစ္စည်းဥစ္စာတွေကို သားသမီးများသာ အမွေခံထိုက်ကြပါတယ်၊ အဲဒီ ဥပမာ အတူပါပဲ၊ သာသနာ့အမွေကိုလဲ သာသနာနှင့် အတင်းနေ အတွင်းသားအဖြစ် ဆက်စပ်နေကြတဲ့သူတွေသာ အမွေခံထိုက်ပါတယ်၊ လောကမှာ မလိမ္မာတဲ့ သားသမီးများဟာ မိဘတို့ရဲ့ အမွေကို မခံယူကြရသလို သာသနာပြင်ပ ပုဂ္ဂိုလ်များဟာလဲ သာသနာ့အမွေကို မခံယူကြရပါဘူး၊ သာသနာ့အမွေကို ခံယူနိုင်သူဆိုတာ....

(၁) သာသနာ့ဘောင် ဝင်ရောက်မယ့် ပုဂ္ဂိုလ်ဟာ ရှင်ဖြစ်ထိုက်၊ ရဟန်းဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ရခြင်း၊

(၂) မိမိရဲ့ ရင်မှဖြစ်တဲ့ သား၊ သမီး ဖြစ်ရခြင်း၊

(၃) သရဏဂုံ ပိသစ္စာ ဆိုနိုင်ရခြင်း—

လို့ဆိုတဲ့ အဓိက အင်္ဂါသုံးပါးနဲ့ ပြည့်စုံကြရမှာ ဖြစ်ပါတယ်၊ ဒီအကြောင်းကိုတော့ ပါရာဇိကဏ် အဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၃၈-မှာ အကျယ်ဆိုထားပါတယ်’

‘မှန်ပါ့အရှင်ဘုရား၊ဘုန်းကြီးရဲ့စကားဖြတ်လို့ လျှောက်ထားပါရစေဦး ဘုရား၊ ရှင်ဖြစ်ထိုက်, ရဟန်းဖြစ်ထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်ရခြင်းဆိုတော့ ဘယ်လိုပုဂ္ဂိုလ်များဟာ ရှင်ဖြစ်ထိုက်, ရဟန်းဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါသလဲဘုရား’

‘ဒီအကြောင်းကို မြတ်စွာဘုရားကိုယ်တော်တိုင်(မဟာဝါ ပါဠိတော် စာမျက်နှာ ၁၁၉-မှာ) အကျယ် မိန့်ကြားတော် မူခဲ့တယ်ကွယ့်၊ ဒါကို အကျဉ်းချုံးပြီး ပြောပြပေးပါ့မယ်—

(၁) ဘာ ပရုပ်ချို့သူ၊
(၂) အသွင်အပြင် အပေါင်းအဖော်ခိုးသူ၊
(၃) တိတ္ထိတိုဘောင် (အသွင်) ပြောင်းသွားတဲ့ရဟန်း၊
(၄) နဂါး, ဂဠုန်, သိကြား စတဲ့ တိရစ္ဆာန်၊
(၅) အမေကို သတ်တဲ့သူ၊
(၆) အဖေကို သတ်တဲ့သူ၊

(၇) ရဟန္တာကို သတ်တဲ့သူ၊
(၈) ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုလုပ်တဲ့သူ၊
(၉) သံဃာသင်းခွဲတဲ့ ရဟန်း၊
(၁၀) ဘိက္ခုနီမကို ဗလက္ကာရဖြင့် မေထုန်လွန်ကျူး ပြီး ဖျက်ဆီးတဲ့သူ၊
(၁၁) မိန်းမ, ယောကျ်ား နိမိတ်အင်္ဂါနှစ်ခု ပါလာ တဲ့သူ။

အဲဒီ (၁၁)ယောက်တို့ဟာ ရှင်, ရဟန်းမဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်များပဲ ဖြစ်ပါတယ်၊ တကယ်လို့ မသိလို့ ရှင်, ရဟန်း ပြုပေးခဲ့မိရင်လဲ ဖျက်ဆီးပစ် (လူထွက်ပေး)လိုက် ရမယ်၊ အဲဒီ ပုဂ္ဂိုလ် ၁၁-ယောက်ထဲမှာ အသက် ၂၀- မပြည့်တဲ့သူ၊ ပါရာဇိကကျတဲ့သူ (၂)ယောက်ကို ထည့် လိုက်ရင် ရဟန်းခံမပေးကောင်းတဲ့ ပုဂ္ဂိုလ် ၁၃-ယောက် ဖြစ်သွားပါတော့တယ်၊ အခုပြောခဲ့ပြီးတဲ့ ပုဂ္ဂိုလ် ၁၁- ယောက်-၁၃-ယောက်တို့ရဲ့ အဖြစ်မှ ကင်းလွတ်တဲ့ သူတွေ ကိုသာ ရှင်ဖြစ်ထိုက်, ရဟန်းဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ် တယ်လို့ ဆိုခြင်းဖြစ်ပါတယ်၊ ကဲ-ဒါလောက်ဆိုရင်လဲ ဒကာတို့, ဒကာမတို့ သဘောပေါက်လောက်ပါပြီနော်'

'မှန်ပါ့ အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ အလှူနေ့ကျရင် ရှင်လောင်း မပြည့်တော့ပါဘူးဘုရား၊ ကျောင်းကို လာ ရောက်ကြပြီး ဆံချ ကိုရင်ဝတ်လိုက်ကြပါတော့မယ်'

'အေး....အေး....ကောင်းတယ်၊ ကောင်းတယ်၊ လွန်ခဲ့တဲ့ (၃)နှစ်လောက်က ဦးစံငွေ-ဒေါ်ခင်ထွေး တို့က သူတို့ရဲ့ တစ်ဦးတည်းသောသားကို ရှင်ပြုချင်ပါသည်လို့ လာလျှောက်တော့ ဘုန်းကြီးက သူတို့ကို မေးရတယ်၊ 'ဗုဒ္ဓအကြိုက်လား၊ လောကအကြိုက်လား'လို့၊ ဒီတော့ သူတို့ကလဲ မြတောင်ဆရာတော်ကြီးရဲ့ တပည့်ရင်းတွေ ဖြစ်ခဲ့ကြတာမို့ သဘောပေါက်ကြပြီး 'ဗုဒ္ဓအကြိုက်'ပါ ဘုရားလို့ လျှောက်ထားကြတယ်လေ၊ ဘုန်းကြီးလဲ ဗုဒ္ဓရဲ့ အကြိုက်နဲ့ပဲ ရှင်ပြုပေးလိုက်တယ်၊ သူတို့မိသားစု ဝမ်းသာလိုက်ကြတာလေ၊ သူတို့မှာ အပြစ်ကင်းတဲ့ ကုသိုလ်တွေ ဖြစ်အောင်လဲ ဆွမ်းကပ်တဲ့အခါမှာ အသားတွေ ကြိုမမှာကြဖို့ တရားဟောလိုက်ရသေးတယ်လေ၊ ဒီကိစ္စကိုလဲ ဒကာတို့, ဒကာမတို့ သတိထားကြနော်၊ သူများမြှောက်ပေးတာနဲ့ မမြှောက်ချင်ကြနဲ့ ဟုတ်ကဲ့လား၊ ပြီးတော့ အခုခေတ် ရှင်ပြု, ရဟန်းခံတာတွေဟာ များသောအားဖြင့် အငှားသပိတ်, သင်္ကန်းတွေနဲ့ ဖြစ်ကုန်ကြပြီ၊ ရှင်ပြု, ရဟန်းခံတာ ဒီ သပိတ်, သင်္ကန်းဟာ အဓိကပဲ၊ ဒါကို သဘောပေါက်ကြပါ'

'မမြှောက်ပါ အရှင်ဘုရား၊ တပည့်တော်တို့ သဘောပေါက်ပြီး လိုက်နာကြပါမယ်ဘုရား'

'အေး ...ယ် သာဓု သာဓု...သာဓု၊ ကဲ- ဒကာတို့, ဒကာမတို့ ပြန်ကြပေတော့၊ ဘုန်းကြီးလဲ မောင်ရှင်

လောင်းတွေကို သင်ပေးရာတွေကို ဆက်လက်ပြီး သင်ပေးလိုက်ဦးမယ်၊ ကဲ မောင်ရှင်လောင်းများ နားထောင်ကြဟေ့၊ တို့များ ဟိုနေ့က သင်ပေးလိုက်တာ ဥပဇ္ဈာယ်ဆရာနှင့် တပည့်အချင်းချင်း အပြစ်မရှိကြရလေအောင် တောင်းပန်ကြပုံအထိ ပြီးသွားပြီနော်'

'မှန်ပါ့အရှင်ဘုရား'

သံဃာ့အလယ် ဝင်ရောက်ပုံ

'စောစောတုန်းက မောင်ရှင်လောင်းများရဲ့ မိဘတွေနဲ့ ဘုန်းကြီး ပြောနေတာ ကြားတယ်နော်၊ ရှင်လောင်း မလှူညှိ့တော့ပါဘူးတဲ့၊ ရှင်လောင်းမလှူညှိ့ပေမယ့် မောင်ရှင်လောင်းများ အလှူနေ့ကျရင် ကျောင်းရောက်လာတဲ့ အခါမှာ သံဃာတော်များစုံပြီဆိုရင် မတ်တတ် ခြေစုံရပ်ပြီး လက်အုပ်ချီကာ 'ဩကာသ-ဩကာသ အဟံ ဘန္တေ သံဃမဇ္ဈေ ပဝေသနံ အာဂစ္ဆာမိ- အရှင်ဘုရားတို့၊ တပည့်တော်သည် သံဃာ၏အလယ်သို့ ဝင်ရောက်ခြင်းကို ပန်ကြား လျှောက်ထားပါ၏၊ ခွင့်ပြုတော်မူပါဘုရား' ရယ်လို့ လျှောက်ထားကြရလိမ့်မယ်နော်။

'အချိန်မယ်ဆိုရင်တော့ သုံးကြိမ် လျှောက်ထားရမယ်နော်၊ ကဲဒီလို လျှောက်ထားပြီးတော့ မောင်ရှင်လောင်းများရဲ့ ညာဘက်ခြေကစပြီး ရှေ့ကို တစ်လှမ်းချင်း-

တစ်လှမ်းချင်း သုံးလှမ်းတိတိ လှမ်းကြရမယ်ကွယ့်၊ ပြီး တော့ တာဝန်ရှိသူများက မင်းခိုချည်-မင်းကိုယ်ချည်- အောင်ချည်-မှန်ကူချည်များနဲ့ ရစ်ဝိုင်းထားကြ ပါလိမ့် မယ်၊ ပြီးတော့မှ သံဃာတော်များက ပရိတ်ရွတ်ကြပါ လိမ့်မယ်၊ နားလည်ပြီနော်’

‘မှန်ပါ့အရှင်ဘုရား၊ နားလည်ပါပြီဘုရား’

လိင်ဆယ်ပါး

‘ကဲ....ဒီကဏ္ဍကို နားလည်ပြီဆိုရင် မောင်ရှင်လောင်း များ ကိုရင်ဖြစ်သွားတဲ့အခါ ကျင့်ရမယ့် တရားများ ရှိတယ်ကွယ့်၊ အဲဒီတရားတွေကို ဘုန်းကြီးပြောပြပေး မယ်၊ ပြီးတော့ ကျက်ထားကြရလိမ့်မယ်နော်၊ ရှေးဦးစွာ လိင်အကြောင်းကို ပြောပြပေးမယ်၊ သာမဏေ ကိုရင် အဖြစ်သို့ ရောက်ပြီးတဲ့ပုဂ္ဂိုလ်တွေဟာ လိင်မကျအောင် (ဝါ) လူပြန်မဖြစ်အောင် ကျင့်ရမယ့် တရားဆယ်ပါး ရှိတယ်၊ အဲဒီဆယ်ပါးကတော့ အမှတ် (၁)ကနေ (၅) အထိဟာ ဆယ်ပါးသီလကျင့်စဉ်ကို ပြောပြခဲ့ပြီး ရှေ့သိက္ခာ ပုဒ် (၅)ပုဒ်ပဲ ဖြစ်တယ်ကွယ့်၊ အခုနံပါတ် (၆)ကနေ စပြောပြပေးမယ်၊

(၆) ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ကဲ့ရဲ့ခြင်း၊ (ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ)

( ၇ ) တရားတော်မြတ်ရဲ့ ဂုဏ်ကို ကဲ့ရဲ့ခြင်း၊ (ဓမ္မဿ အဝဏ္ဏံ ဘာသတိ)

( ၈ ) သံဃာတော်ရဲ့ ဂုဏ်ကို ကဲ့ရဲ့ခြင်း၊ (သံဃဿ အဝဏ္ဏံ ဘာသတိ)

( ၉ ) မှားယွင်းတဲ့ အယူအမြင် ရှိခြင်း (မိစ္ဆာဒိဋ္ဌိ-ကော ဟောတိ)

( ၁၀ ) အမျိုးသမီးရဟန်းကို ဖျက်ဆီးခြင်း(ဘိက္ခုနီ ဒူသကော ဟောတိ)

တို့ပဲ ဖြစ်ကြပါတယ်၊ အခုအခါမှာတော့ အမျိုးသမီး ရဟန်းများ မရှိတော့တဲ့အတွက် ဒီတစ်ချက် ရှောင်ကြဉ် လိုက်နာစရာ မလိုတော့ပါဘူး'

ဒဏ်ပေးပေါ:

'ဒဏ်ဆိုတာကိုကော ရှင်းပြပေးပါဦးဘုရား'

'အေးကွယ့်၊ ဒဏ်ဆိုတာ သာမဏေ ကိုရင်များကို ဆုံးမကြောင်းဖြစ်တဲ့ အမှုကိုဆိုတယ်ကွယ့်၊ သိလိုရင်းက တော့ကွယ် နိုပ်ကွပ်ဖူပါပဲ၊ ဒဏ်ကလဲ (၁၀)မျိုးရှိတယ်၊ အဲဒီ(၁၀)မျိုးကတော့ ဆယ်ပါးသီလထဲမှာပါတဲ့ နောက်ဆုံး (၅)ပုဒ်ဟာ ဒဏ်ဖြစ်တယ်၊ ပြီးတော့....

( ၆ ) ရဟန်းတို့ကို လာဘ်မရအောင် အားထုတ်ခြင်း၊ (ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ)

(၇) ရဟန်းတို့ကို နေရာမရအောင် အားထုတ်ခြင်း၊ (ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ)
(၈) ရဟန်းတို့ကို အကျိုးမဲ့ဖြစ်အောင် အားထုတ်ခြင်း၊ (ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ)
(၉) ရဟန်းတို့ကို ဆဲရေးခြင်း, ခြိမ်းခြောက်ခြင်း၊ (ဘိက္ခူ အက္ကောသတိ ပရိဘာသတိ)
(၁၀) ရဟန်းတို့ကို တစ်ပါးနှင့် တစ်ပါး ကွဲပြားအောင် ကုန်းတိုက်ခြင်း၊ (ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ)

တို့ကို ထည့်လိုက်ရင် ၁၁-ပါး ဖြစ်သွားပါတယ်၊ ဒီဒဏ် ၁၀-ပါးကို လွန်ကျူးမိတဲ့ သာမဏေ ကိုရင်ကိုတော့ သဲဒဏ်, ရေဒဏ်ပေး ဆုံးမခြင်းဖြင့် အပြစ် ပြေပျောက်သွားနိုင်ပါတယ်၊ ဒါပေမယ့် သီလပြန်ဆောက်တည်ရင် ပိုကောင်းတာပေါ့ကွယ်'

## သေခိယနှင့် ဝတ္တရား

'ဘုန်းကြီးဘုရား၊ သေခိယတို့ ဝတ်တို့ဆိုတာကကော'

'အေးကွယ့်၊ ဒီအကြောင်းကို ဆက်ပြောမလို့၊ ရှည်နေမှာစိုးလို့ ဒိုက်ိုတော့ ပြောချဦးမယ်၊ နောက်တော့ မောင်ရှင်လောင်းတို့ အရ ကျက်ထားကြဘာပေါ့၊ ဒီ သိက္ခာပုဒ်တွေက ရှင်သာမဏေတို့သာ ကျင့်ရမယ့် သိက္ခာပုဒ်တွေ မဟုတ်ဘူးကွယ့်၊ ရဟန်းတော်များ, လူသား

များပါ လိုက်နာကျင့်ကြရမယ့် သိက္ခာပုဒ်တွေ ဖြစ်တယ်ကွယ့်.’

‘သေခိယဆိုတာ ကျင့်ရတဲ့ သိက္ခာပုဒ်များကို ဆိုတယ်၊ အဲဒီ သေခိယကလဲ ၇၅-ပါး ရှိတယ်၊ အဲဒီ ၇၅-ပါး ထဲမှာ တင့်တယ်မှု အာရုပ္ပနှင့် ပတ်သက်လို့ ပညတ်တဲ့ သိက္ခာပုဒ် ၂၆-ပုဒ်ရှိတယ်၊ အစားအသောက်နှင့် ပတ်သက်လို့ ပညတ်တဲ့ သိက္ခာပုဒ် ၃၀-ပုဒ်ရှိတယ်၊ တရားဟောမှုနှင့် ပတ်သက်လို့ ပညတ်တဲ့ သိက္ခာပုဒ် (၁၆)ပုဒ်ရှိတယ်၊ ကျင်ကြီး, ကျင်ငယ် စွန့်ပုံနှင့် ပတ်သက်လို့ ပညတ်တဲ့ သိက္ခာပုဒ် (၃)ပုဒ် ရှိတယ်၊ ဒီအကြောင်းတွေကို မောင်ရှင်လောင်းများရဲ့ ရှေ့မှာချထားတဲ့ ရှင်ကျင့်ဝတ်စာအုပ်ထဲမှာ ပါတယ်။

‘ပြီးတော့ ဝတ်ဆိုတာ ရှိတယ်၊ အဓိပ္ပာယ်ကတော့ ပြုလုပ်ရမယ့် တာဝန်ကို့ပဲ ခပ်လွယ်လွယ် ယူရမှာ ဖြစ်ပါတယ်၊ အဲဒီဝတ်ကလဲ ၁၄-မျိုးရှိပါတယ်၊ အဲဒီဝတ္တရားများ ကျေပွန်စွာ ဖြည့်ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သို့ ရောက်နိုင်တယ်လို့ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားခဲ့တယ်ကွယ့်၊ ဒီအကြောင်းတွေကိုလဲ မောင်ရှင်လောင်းများရဲ့ ရှင်ကျင့်ဝတ် စာအုပ်ထဲမှာ ပါတယ်လေ၊ ဒါကို သိအောင်လုပ်ပြီး ကိုယ်တိုင်ကျင့်ရမယ်ကွယ့်.’

‘မှန်ပါ့အရှင်ဘုရား၊ တပည့်တော်များ သဘောပေါက်ပါတယ်ဘုရား’

## ပစ္စဝေက္ခဏာ ဆင်ခြင်ပါ

'ကဲ မောင်ရှင်လေးတို့ကိုပစ္စဝေက္ခဏာအကြောင်း ပြောပြရဦးမယ်၊ နောက်တော့ အရကျက်ပြီး ဆင်ခြင်ကြ ရမယ်ကွယ်'

'မှန်ပါ့ အရှင်ဘုရား၊ အမိန့်ရှိပါဘုရား'

'ပစ္စဝေက္ခဏာဆိုတာ အဖန်ဖန် အထပ်ထပ် ဉာဏ်ဖြင့် သက်ဝင်ပြီး သုံးသပ်ဆင်ခြင်နေတာကို ဆိုတယ်၊ (ဝိနယာလင်္ကာရဋီကာ၊ ပ၊ ၁၀၀)၊ ပစ္စည်းလေးပါးကို မှီဝဲတဲ့ အခါမှာ မက်မော တပ်နှစ်သက်ခြင်း ဖြစ်ပေါ်လာမယ့် အာသဝေါတရားများကို ပယ်ဖျောက်နိုင်ရန် ပစ္စည်း လေးပါးကို သုံးဆောင်တဲ့အခါမှာ ဉာဏ်ပညာဖြင့် ဆင်ခြင်ပြီး သုံးဆောင်နိုင်ရန်အတွက် မြတ်စွာဘုရားက ပစ္စဝေက္ခဏာ ဆင်ခြင်ရမယ်လို့ ဟောဘော်မူခဲ့ခြင်းပဲ ဖြစ်ပါတယ်၊ (မူ၊ ပဏ္ဏ၊ ပါ၊ ၉)

'ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ရယ်လို့ ပစ္စည်း လေးမျိုးရှိတယ်၊ မှီရာကြီးလေးမျိုးလို့လဲ ခေါ်ပါတယ်၊ မောင်ရှင်လေးတို့ ကိုရင်ဖြစ်လာတဲ့အခါ အဲဒီ ပစ္စည်း လေးပါးကို မှီဝဲသုံးဆောင်တဲ့အခါ သုံးစွဲတိုင်း, သုံးစွဲ တိုင်း အဖန်ဖန် အထပ်ထပ် ဆင်ခြင်ရမှာ ဖြစ်ပါတယ်၊ ဒီလိုမှ မဆင်ခြင်နိုင်သေးဘူး ဆိုရင်တော့ တစ်နေ့တာ အတွက် အရဏ်မတက်မီအတွင်း ဆင်ခြင်ကြရမှာဖြစ်တယ် ကွယ်'

'ဆင်ခြင်ပုံများကိုလဲ တပည့်တော်များအား မိန့်ကြားတော် မူပါဦးဘုရား'

## သင်္ကန်း

'သင်္ကန်းအတွက်ကို ဒီလို ဆင်ခြင်ကြရမယ်ကွယ်.'

'ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသမကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ။

- သင့်သော အကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ သင်္ကန်းကို မှီဲပါ၏၊ အအေး, အပူကို ပယ်ဖျောက်ရုံ -မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်း တို့၏ အတွေ့တို့ကို ပယ်ဖျောက်ရုံမျှသာလျှင် သင်္ကန်းကို မှီဲပါ၏၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်တို့ကို ဖုံးလွှမ်းခြင်း အကျိုးငှာသာလျှင် သင်္ကန်းကို မှီဲပါ၏။
- ချမ်းပူကိုဖျက်၊ ခြင်,မှက်,လေ, နေ၊ ကင်း, မြွေ, လွှဲသန်း၊ ဟိရိဂုဏ်ကို၊ ကုန်စေဘတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစွမ်းယ်၊ ဆင်ခြင်မယ်ဟု၊ စိတ်ဝယ်မဘမ်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါသည်း'

ရယ်လို့ ပါဠိ, မြန်မာ, ကဗျာ သုံးမျိုးထဲက အနည်းဆုံး တစ်မျိုးမျိုးနဲ့တော့ ဆင်ခြင်ကြရမယ်နော်’

‘မှန်ပါ့အရှင်ဘုရား၊ နောက်တစ်မျိုးကို အမိန့်ရှိပါဦး ဘုရား’

## ဆွမ်း

‘နောက်တစ်မျိုးကတော့ ဆွမ်းစတဲ့ အာဟာရတွေ ပေါ့ကွယ်၊ ဒီလိုဆင်ခြင်ရမယ်၊

‘ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ၊ န မဒါယ၊ န မဏ္ဍနာယ၊ န ဝိဘူသနာယ၊ ယာဝ ဒေဝ ဣမဿ ကာယဿ ဌိတိယာ၊ ယာပနာယ၊ ဝိဟိံသု ပရတ္တိယာ၊ ဗြဟ္မစရိယာ နုဂ္ဂဟာယ၊ ဣတိ ပုရာ နဉ္စ ဝေဒနံ န ဥပ္ပာဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ။ အနဝဇ္ဇတာ စ၊ ဖာသု ဝိဟာရော စ။

— သင့်သော အကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ ဆွမ်း အစရှိသော အာဟာရကို မှီဝဲပါ၏၊ ရွာသူသားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစားခြင်းငှာ မမှီဝဲပါ၊ လက်ဝှေ့, လက်ပန်းသည် စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်းငှာ မမှီဝဲပါ၊ နန်းတွင်းသူ, ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှာ မမှီဝဲပါ၊ ကျွမ်းသမား, ကချေသည်တို့ကဲ့သို့ အရေအဆင်း လှပ

တင့်တယ်ခြင်းငှာ မမှီဲပါ၊ ဤ ရုပကာယ၏ တည်ရုံ, မျှတရုံ, ပင်ပန်းခြင်းငြိမ်းရုံ သာသန ဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယနှစ်ပါးကို ချီးမြှောက်ရုံငှာ သာလျှင် ဆွမ်း အစရှိသော အာဟာရကို မှီဲပါ၏၊ ဤသို့ ဆွမ်းကိုမှီဲသဖြင့် အဟောင်းဖြစ်သော ဆင်းရဲဝေဒနာကို ပယ်ဖျောက်ရန်၊ အသစ်ဖြစ်သော ဆင်းရဲဝေဒနာကို မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်လည်းကောင်း၊ အပြစ်မရှိခြင်းသည်လည်းကောင်း၊ ချမ်းသာစွာ နေရခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့၊ ဤသို့ နှလုံးပြု၍ ဆွမ်း အစရှိသော အာဟာရကို မှီဲပါ၏။

— ဤသည့်စားဖွယ်၊ အမယ်မပကို၊ မြူးရယ်မာန်ကြွ၊ လုပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံး ပါဘူး၊ လေးဖြာ ခတ်ဆောင်၊ ဤကိုယ် ကောင်သည်၊ ရှည်အောင် တည်လျက်၊ အသက် မျှတမ်း မမောပန်းငြား၊ ဘုရား သာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်း, သစ်၊ မဖြစ်စေရ၊ ယာပိုထိမျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင် မှီဲပါသည်။’

ရ လို့ ပါဠိ, မြန်မာ, ကဗျာ သုံးမျိုး ပုံးနဲ့ပဲ ဖြစ်ဖြစ်၊ တစ်မျိုးနဲ့ပဲ ဖြစ်ဖြစ် ဆင်ခြင်ရမှာ ဖြစ်ပါတယ်’

## ကျောင်း

'ကျောင်း အတွက် ဆင်ခြင်ပုံကိုလဲ အမိန့် ရှိပါဦး ဘုရား'

'ကျောင်းကို မှီဝဲတဲ့အခါ, နေတဲ့အခါမှာ ပဋိသင်္ခါ-ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ-မကသ ဝါတာတပသရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒနပဋိသလ္လာနာရာမတ္ထံ ။

— သင့်သော အကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ အိပ်ရာနေရာ,ကျောင်းကိုမှီဝဲပါ၏။ အအေးအပူကို ပယ်ဖျောက်ခြင်း၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေကင်း, သန်းတို့၏ အတွေ့တို့ကို ပယ်ဖျောက်ခြင်း၊ ဥတု ဘေးရန်ကို ပယ်ဖျောက်ခြင်း၊ ကိန်းအောင်း မွေ့လျော်ခြင်း အကျိုးငှာ သာလျှင် အိမ်ရာ,နေရာ,ကျောင်းကို မှီဝဲပါ၏။

— ချမ်း,ပူကိုဖျက်၊ ခြင်,မှက်,လေ,နေ၊ ကင်း,မြွေဝေးမှု၊ ဥတုဘေးဘျမ်း၊မသန်းကင်းစင်၊စိတ်ကြည်လင်ကြောင်း၊ နေရာ, ကျောင်းကို ကိန်းအောင်းမှီခိုပါသတည်း။

ဒီလို ဆင်ခြင်ကြရမယ်ကွယ့်၊ သုံးမျိုးလုံးရလဲ သုံးမျိုးလုံးနဲ့ ဆင်ခြင်ပေါ့၊ မရလဲ တစ်မျိုးမျိုးပေါ့ကွယ်'

## ဆေးပစ္စည်း

'နောက်ဆုံးဖြစ်တဲ့ ဆေးပစ္စည်းကို မှီဝဲ စားသောက်တဲ့ အခါမှာ ဆင်ခြင်ပုံကိုလဲ အမိန့်ရှိပါဦးဘုရား'

'ဆေးပစ္စည်းကို မှီဝဲတဲ့ အခါမှာ ဒီလိုဆင်ခြင်ကြရမယ်ကွယ်,'

'ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာ-ဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ၊ အဗျာပဇ္ဇပရမ-တာယ။

— သင့်သော အကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ အနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအကာ တန်ဆာအဆောက်အဦးဖြစ်သော ဆေးကို မှီဝဲပါ၏၊ ဖြစ်ပြီး, ဖြစ်ဆဲ ဖြစ်ကုန်သော ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲဝေဒနာဘို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ အနာ၏ ဆန့်ကျင်ဘက် အသက်အရံအကာ တန်ဆာအဆောက်အဦးဖြစ်သော ဆေးကို မှီဝဲပါ၏။

— ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ကြီးဖြစ်လာ၊ ဝေဒနာကို၊ စွန်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်ကွာ၊ သာသနာကို၊ ကြည်သာရှင်လန်း၊ ဖြည့်နိုင်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း'

ရယ်လို့ တစ်မျိုးမျိုးနဲ့ ဆင်ခြင်ရတယ်ကွယ်,'

'တကယ်လို့ မဆင်ခြင်မိရင်ကော ဘယ်လိုအပြစ်များ ရနိုင်ပါသလဲဘုရား'

## ပရိဘောဂ

'ကြွေးယူစားသောက်ခြင်းလို့ ဆိုတဲ့ ဣဏပရိဘောဂ ထိုက်ဘယ်ပေါ့ကွယ်၊ ဒါကို မောင်ရှင်လောင်းတို့ နားလည်အောင် ရှင်းပြပေးဦးမယ်'

'သင်္ကန်း, ကျောင်း, ဆေးလို့ဆိုတဲ့ ပစ္စည်း လေးပါးကို သုံးစွဲတာနဲ့ ပတ်သက်ပြီး သုံးစွဲပုံ သုံးစွဲနည်း လေးမျိုးရှိတယ်ကွယ့်၊ အဲဒီလေးမျိုးကတော့....

(၁) ထေယျပရိဘောဂ....ခိုးယူသုံးဆောင်ခြင်း၊
(၂) ဣဏပရိဘောဂ... ကြွေးယူသုံးဆောင်ခြင်း၊
(၃) ဒါယဇ္ဇပရိဘောဂ.... အမွေခံ သုံးဆောင်ခြင်း၊
(၄) သာမိပရိဘောဂ... ပိုင်ရှင်အဖြစ်ဖြင့်သုံးဆောင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

(ဝိ၊ မဂ်၊ ဋ္ဌ၊ ပ၊ ၄၁)

အဲဒီလေးမျိုးထဲမှာ ပစ္စည်းလေးပါးကို သီလမရှိသူတွေ စားသောက်သုံးစွဲကြခြင်းဟာ ခိုးစားတာနဲ့တူလို့ ထေယျပရိဘောဂထိုက်တယ်လို့ ဆိုပါတယ်။

သီလရှိသော်လည်းပဲ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ စားသောက် သုံးဆောင်မိပြန်ရင်လဲ ဣဏပရိဘောဂ ထိုက်တယ်ကွယ့်၊ ကြွေးရှင်ကို ကြွေးပြန်ဆပ်ရသလို တစ်ချိန်

မှာ ကြေးပြန်ဆပ်ရတယ်ကွယ့်၊ သားသမီးများဟာ မိဘများရဲ့ ပစ္စည်းများကို အမွေခံအဖြစ်နဲ့ သုံးစွဲခွင့်ရကြသလို သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့ဟာလဲ မြတ်စွာဘုရားရဲ့ ပစ္စည်းလေးပါးကို သုံးဆောင်မှီဝဲသင့်ပါတယ်၊ အဲဒီလို သုံးဆောင်မှီဝဲခြင်းကိုတော့ အမွေခံပစ္စည်းများကို သုံးဆောင် မှီဝဲခြင်းနဲ့တူလို့ ဒါယဇ္ဇပရိဘောဂရယ်လို့ ဆိုရပါတယ်။

အသေက္ခ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ ပစ္စည်း လေးပါးကို သုံးဆောင်မှီဝဲခြင်းဟာ ကိုယ်ပိုင်ပစ္စည်းများကို သုံးဆောင် မှီဝဲတာနဲ့တူလို့ သာမိပရိဘောဂရယ်လို့ ဆိုပါတယ်၊ အချုပ်ကတော့....

(၁) သီလရှိရမယ်၊

(၂) ပစ္စဝေက္ခဏာ ဆင်ခြင်ရမယ်၊

အဲဒီနှစ်ချက်နဲ့ ပြည့်စုံပြီဆိုရင် ထေယျပရိဘောဂ, ဣဏပရိဘောဂ နှစ်ပါးမှ လွတ်ကင်းပြီး ဒါယဇ္ဇပရိဘောဂ, သာမိပရိဘောဂနှစ်ပါး ဖြစ်တော့တာပါပဲ၊ သာမိပရိဘောဂ မဖြစ်သေးရင်တောင် ဒါယဇ္ဇပရိဘောဂကတော့ ကျိန်းသေ ဖြစ်တော့တာပါပဲ။

## သံပုခဲတွေ

'သီလမရှိတဲ့ ရဟန်း, သာမဏေများ ပစ္စည်းလေးပါးကို မှီဝဲသုံးဆောင်မိကြရင်တော့ ဘယ်လို အပြစ်မျိုးတွေ ခံစားကြရပါသလဲဘုရား'

'ဒအားကွယ့်၊ ဒီနေရာမှာ အဘိဓမ္မာမှာလာတဲ့ အပြစ်တွေကိုဖယ်ထားပြီး ဝိနည်းမှာလာတဲ့ အပြစ်တွေကိုပဲ ပြောပြပေးပါ့မယ်။

သီလမရှိကြတဲ့ ရဟန်း, သာမဏေများ ပစ္စည်းလေးပါးကို မှီဝဲသုံးဆောင်ကြရတာက အတော်ကြောက်စရာ ကောင်းလှတယ်ကွယ့်၊ မောင်ရှင်လေးတို့ သေချာစွာ နားထောင်ကြနော်၊သင်္ကန်း ဝတ်ရုံရတာဟာ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ သံပြားကြီးကို ဝတ်ရုံနေရတာနဲ့ တူတယ်လို့ မြတ်စွာဘုရားဟောခဲ့တယ်ကွယ့်၊ ပြီးတော့ ဆွမ်းအာဟာရတို့ကို စားသောက်ကြရတာကလဲ အလျှံပြောင်ပြောင် တောက်လောင်နေတဲ့ သံခဲတွေကို စားသောက်ကြရတာနဲ့တူတယ်၊ ကျောင်းကြီးပေါ်မှာနေကြရတာကလဲ အလျှံတပြောင်ပြောင်တောက်လောင်နေတဲ့ သံအိုးကင်းကြီးထဲမှာ နေရတာနဲ့ တူတယ်၊ လူ, ရှင်, ရဟန်းတို့ရဲ့ ရှိခိုးမှုကို ခံယူကြရတာကလဲ အလျှံတပြောင်ပြောင်တောက်လောင်နေတဲ့ သံချွန်ကြီးနဲ့ ထိုးဆွတာနဲ့ တူတယ်လို့ ဘုရားဟောခဲ့တယ်ကွယ့်၊ ဒါကြောင့် မောင်ရှင်လေးများ ကိုရင်ဖြစ်လာကြတဲ့အခါ သီလရှိအောင်, သီလနှင့်ပြည့်စုံအောင် နေကြရမယ်နော် သီလမရှိရင်, သီလနှင့်မပြည့်စုံရင်တော့ ဘယ်သူပဲဖြစ်ဖြစ် ခံကြရမှာပဲ'

'မှန်ပါ့အရှင်ဘုရား၊ တပည့်တော်များ သဘောပေါက်ပါပြီဘုရား'

'အေးကွယ့်၊ အခု ပြောခဲ့ပြီးတာတွေကိုတော့ မောင်ရှင်လောင်းများ အားလုံး ရနေကြရမယ်နော်၊ ရအောင်လဲ ကျက်ထားရမယ်ကွယ့်၊ ဟုတ်လား'

'မှန်ပါ့ အရှင်ဘုရား၊ ဘပည့်တော်တို့ အရကျက်ထားပါ့မယ်ဘုရား'

'သာဓုကွယ်... သာဓု သာဓု'

## ရှင်ဆိုတာ

'ရှင်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ရှင်းပြ ပေးပါဦး ဘုရား'

'ရှင်လို့ ဆိုတဲ့ မျက်မှောက် ခေတ်သုံး စကားဟာ ပုဂံခေတ်သုံး 'သင်'လို့ ဆိုတဲ့ ဝေါဟာရ ကနေ ပြောင်းလဲ သက်ဆင်း လာတဲ့ စကားဖြစ်တယ်လို့ ပညာရှင်များက ဆိုကြပါတယ်၊ ပုဂံခေတ်မှာပင် 'သင်' ကနေ 'သျှင်' သို့ ပြောင်းလဲ သုံးစွဲလာတာကို ပုဂံခေတ်ထိုး ကျောက်စာများ မှာပင် တွေ့ရပါတယ်၊ သင်, သျှင် ပုဒ်တို့ကို ပထမတုန်းက 'မြင့်မြတ်သူ,ကြီးကဲသူ' အဓိပ္ပာယ်ရခဲ့ပေမယ့် ဒီပုဂံခေတ် လယ်လောက်ရောက်တော့ 'အိမ်ကော်'သျှင်, မြေအသျှင်, ထီးလှိုင်သျှင်'စတဲ့ အသုံးအနှုန်းအရ 'ပိုင်ဆိုင်သူ,စိုးမိုးသူ' လို့ ဆိုတဲ့ အဓိပ္ပာယ်များဖြင့်လဲ သုံးစွဲလာခဲ့ကြပါတယ်။

'အင်းဝ ခေတ်ဦးထိုး ကျောက်စာများမှာ 'သျှင်'က နေ'သျှင်'သို့ ပြောင်းလဲပြီး အသျှင်, မြေသျှင်'လို့ ဆိုတဲ့ ဝေါဟာရများကို သုံးစွဲလာတာကို တွေ့ရပါတယ်။

'နေ့ခင်းခေတ်ရောက်တော့' ဘုရားရှင်, ပုညရှင်, ဆင်ဖြူရှင်'စသည်ဖြင့် သျှင်မှရှင်သို့ တစ်ဆင့်ပြောင်းလဲ ရေးသားလာကြပါတယ်၊ ဒါကြောင့် ရှင်-ဆိုတဲ့ ဝေါဟာရဟာ 'မြင့်မြတ်သူ ကြီးကဲသူ, ပိုင်ဆိုင်သူ, စိုးမိုးသူ' လို့ဆိုတဲ့ အဓိပ္ပာယ်များ ရှိလာပါတော့တယ်။

ရှင်လောင်း, ရှင်သာမဏေ စသည်တို့မှာ ပါဝင်တဲ့'ရှင်' လို့ ဆိုတဲ့ ပုဒ်ဟာ ဘုရားရှင်, ရှင်ဘုရင်, ရှင်ကြီး' စတဲ့ ဝေါဟာရများမှာပါဝင်တဲ့ ရှင်လို 'မြင့်မြတ်သူ'ရယ်လို့ အဓိပ္ပာယ်ရတယ်ကွယ့်၊ ရှင်ဆိုတဲ့ အမည်ဟာ သာမဏေရဲ့ အမည်တစ်မျိုး ဖြစ်တယ်ကွယ့်၊ မြန်မာ ဗုဒ္ဓဘာသာဝင်တို့က သာမဏေကို ရှင်, ကိုရင်, မောင်ရင်, ရှင်သာမဏေ ရယ်လို့ အမျိုးမျိုး ခေါ်ဝေါ်ကြတယ်ကွယ့်။ 'ကိုရင်, မောင်ရင်'လို့ ဆိုတဲ့ အမည်ဟာ ကိုရှင်, မောင်ရှင်လို့ ဆိုတဲ့ ဝေါဟာရတွေက ပြောင်းလဲ လာတဲ့ ဝေါဟာရများပဲ ဖြစ်ပါတယ်၊ ဒီအကြောင်းကို စံဝတီ ဆရာတော်ရဲ့ စံဝတီ ရှင်ကျင့်ဝတ်နဲ့ ဦးအေးနိုင်ရဲ့ ရာသီပွဲတော်များ စာအုပ်မှာ အကျယ်ရေးသားထားတာကို တွေ့ရတယ်ကွယ့်'

'မှန်ပါ့ အရှင်ဘုရား၊ ဘုန်းကြီး ရှင်းပြတာလောက်နဲ့ပဲ ခိုင်လုံလှပါပြီ ဘုရား၊ တပည့်တော်များ ကျေနပ်ပါပြီ၊ အခု တပည့်တော်များ အရကျက်ထားရမယ့် ပုဒ်တွေကို သာ ဘုန်းကြီး ပြန်ပြောပြပါဦး ဘုရား'

'အေး - ဟုတ်ပြီ၊ ဒီပုဒ်တွေ, ဒီပုဒ်တွေဟာ အရကျက်ထားရမယ့် ပုဒ်တွေ ဖြစ်တယ်ကွယ့်၊ တစ်နေရာမှာသွား

ပြီး အရကျက်ပေတော့၊ ပြီးတော့ လက်တွေ့လေ့ကျင့်ခန်းတွေ လုပ်ကြရမယ်နော်’

‘မှန်ပါ့ အရှင်ဘုရား၊ လိုအပ်တာတွေကို အားမနာ တမ်း မိန့်ကြားပါဘုရား’

‘အေး-အေး ကောင်းပြီ၊ ကောင်းပြီ၊ အခုနေတော့ ပြောစရာတွေ ကုန်ပါပြီ၊ နောက်နေ့တွေ လိုအပ်တာတွေ ရှိသေးရင်လဲ ထပ်ပြောတာပေါ့လေ’

‘ကဲ ...ဘာခုခေါ်ကြပေတော့’

‘သာဓု၊ သာဓု၊ သာဓု’

## ဗုဒ္ဓအလိုတော်ကျ ရှင်ပြုခြင်း

ပန်းတနော်မြို့ အနောက်ပိုင်းနေ ဦးသိုက်ထွန်း-ဒေါ်ခင် ရွှေတို့၏ ရှင်ပြုအလှူရက်သို့ ရောက်ခဲ့လေပြီ၊ မှတ်မှတ်ရရ ဆိုရသော် ၁၃၅၂ ခုနှစ် ကဆုန်လပြည့်နေ့က ဖြစ်သည်၊ အလှူ့ဒကာ၊ဒကာမများသည် (၁၅)ရက်နေ့ နံနက်စော စောတွင် မောင်ရှင်လောင်းများကို ခေါ်၍ ကျောင်းသို့ ရောက်လာကြပါသည်၊ စာရေးသူ ကိုယ်တိုင်ပင် ယင်း ကလေးများအား သာမဏေအဖြစ်သို့ ရောက်အောင် ဗုဒ္ဓ အလိုတော်ကျ စီမံဆောင်ရွက် ပေးခဲ့ပါသည်၊ ခင်, ဖခင် အလှူ့ဒကာ ဒကာမများလည်း အလွန်ကျေနပ်ကြရသည်၊ သံဃာတော်အပါး (၁၅၀)နီးပါးကိုလည်း အရှက်ဆွမ်း,

နေ့အခမ်း ဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြသည်၊ ညှော်သည်တော်များကိုလည်း လိုလေသေးမရှိ စနစ်တကျ ကျွေးမွေးဧည့်ခံနိုင်ခဲ့ကြသည်၊ ရှင်ပြုကရားကိုလည်း အေးဆေး တည်ငြိမ်စွာ နာယူခဲ့ကြရပါသည်၊ မြကောင်ဝေယျာဝစ္စ အဖွဲ့ကိုလည်း ကျေးဇူးတင်မဆုံးရှိပါကြောင်း တဖွဖွ ပြောနေကြပေသည်၊ အထူးသဖြင့် ဗုဒ္ဓအလိုတော်ကျဖြစ်အောင် ရှင်ပြုနိုင်ရေးအလေးပေး၍ သင်ပေးတော်မူသောစာရေးသူအားလည်း ကျေးဇူးတင်မိပါကြောင်း ထပ်လောင်း ပြောဆိုနေကြပါသည်၊ ဩော် .. ဩော်... ဗုဒ္ဓအလိုတော်ကျရှင်ပြု, ရဟန်းခံကြမည်၊ အလှူဒါန ပြုကြမည် ဆိုပါက မည်သူတစ်ဦးတစ်ယောက်မျှ သင်းရဲစရာ အပြစ်ဖြစ်စရာ မရှိပါကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်၊ ဗုဒ္ဓဘာသာဝင်တိုင်း 'ဗုဒ္ဓအလိုတော်ကျရှင်ပြုနည်း'ကို နားလည်ကြပြီး လိုက်နာကြပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

(ဗုဒ္ဓအလိုတော်ကျ ရှင်ပြုနည်း ပြီးပါပြီ)

# ဗုဒ္ဓအလိုတော်ကျ ရဟန်းခံနည်း

မှန် လေင်း

ပန်းတနော်မြို့ သီဟလမ်းနေ ရဟန်းဒါယကာ, ဒါယိကာမများအဖြစ် ခံယူကြမည့် မောင်ချိန်ဟန်+မစမ်းစမ်းမော်တို့ ဇနီးမောင်နှံနှစ်ဦးသည် တစ်ညနေတွင် စာရေးသူ၏ အထံသို့ ရောက်ရှိလာကြပါသည်။ သူတို့ကပင် ရဟန်းခံရက် သိလိုကြောင်း လျှောက်ထားကြသဖြင့် ၁၃၅၃ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် အင်္ဂါနေ့ကို သတ်မှတ်ပေးလိုက်ပါသည်၊ သူတို့လည်း ရဟန်းလောင်းအတွက် လိုအပ်သည့် ပရိက္ခရာများကို ဈေးသွား၍ ပြန်သွားကြပါသည်၊ မိခင်ကြီးဖြစ်သူ ဒေါ်တင်တင်ကြည် ရန်ကုန်သွားသည့်အခါ မှာလိုက်ကြသည်ဟု သိရပါသည်။

သူတို့ ရဟန်းခံကြမည့် ကိုရင်သည် စာရေးသူ၏တူ ကိုရင်ဖြစ်ပါသည်၊ ကိုရင်သည် ရန်ကင်းမြို့နယ် 'ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်'၌ 'ဓမ္မာစရိယ' ကျမ်းစာများကို သင်ယူလျက်ရှိနေပါသည်၊ စာမေးပွဲဖြေဆိုပြီးလျှင် ပြီးချင်း ကားဖြင့် အမြန် ပြန်လာခဲ့ရန်ကိုလည်း စာရေး

မှာကြားလိုက်ပါသည်၊ ဘွဲ့အမည်မှာ 'ရှင်သောပါက' ဖြစ်ပါသည်၊ ကိုရင်သည် မှာလိုက်သည့်အတိုင်း စာမေးပွဲ ဖြေဆိုပြီးချင်း မြဲတောင်သို့ ပြန်ရောက်လာသည်၊ သူ၏ မိခင်နှင့် ဆွေမျိုးများလည်း မော်လမြိုင်ကျွန်း မြို့နယ် ရွာကျောင်းကျေးရွာမှ ပန်းတနော်သို့ ရောက်လာကြပါသည်၊ ရွာမှ ကိုရင်၏ဆရာများဖြစ်ကြသည့် ဆရာတော် ဦးနေမိန္ဒ၊ ဦးတေဇိန္ဒတို့လည်း ကိုရင်၏အစ်ကို ဦးဇောတိက နှင့်အတူ ရောက်လာကြပါသည်။

ရဟန်းခံရန် အချိန် ရောက်လာကြသောအခါ ပင့် သံဃာတော်များနှင့် မြဲတောင်စာသင်တိုက်ရှိ သံဃာတော် များ စုစုပေါင်း သံဃာတော် (၃၀)ပါးတို့သည် 'သာသန ပေပုလ္လကာရီ' သိမ်တော်မြတ်သို့ ဝင်ရောက်နေရာယူတော် မူကြပါသည် ရဟန်းလောင်းဖြစ်သည့် ရှင်သောပါက သည်လည်း ရဟန်းဒါယကာ, ဒါယိကာမများ၏ အထံမှ သိမ်ဘက်ရှု၌ လိုအပ်သည့် သင်္ကန်းသုံးထည်, သပိတ်, ခါးပန်းကြိုး, သင်တုန်းဓား, ယပ် စသည်တို့ကို အလှူခံ ပြီး သိမ်ထဲသို့ ရောက်လာချိန်၊ ရှင်သောပါကအား ရှေးဦးစွာ သရဏဂုံသုံးပါးနှင့် သာမဏေတို့ ကျင့်သုံးကြ ရမည့် ဆယ်ပါးသီလကို တပ်ဆင့် ယူစေတော်မူပါသည်၊ သီလချီးမြှင့်တော်မူသော ဆရာတော်မှာ ရန်ကုန်ဟံသာဝတီ ဒိုက်ဦးဆရာတော် ဦးဉာဏိန္ဒ (ဓမ္မကထိက) ဖြစ်ပါသည်။

သီလခံယူဆောက်တည်စေပြီးနောက် စာရေးသူက ကိုရင်အား သင်္ကန်းများလဲရန် စေခိုင်းရပါသည်၊ ကိုရင်

သည် သံဃာတော်များနှင့် ဝေးလောက်သည့် နေရာသို့ သွားရောက်ကာ သက်န်းလဲပြီး သံဃာတော်များ၏အလယ်သို့ ပြန်လည်ရောက်ရှိလာပါပြီ၊ ထိုအခါ စာရေးသူကပင် ကမ္ပဝိန္နပ ထိုးပေးရပါသည်၊ ဆရာတော်ကြီးများ၏ စေခိုင်းတိုက်တွန်းချက်အရ စာရေးသူကပင်လျှင် ရှင်သောပါက၏ အနုသာသက ဖြစ်ခဲ့ရပါသည်။

## ဘုရားရှိခိုးခြင်း

စာရေးသူသည် ကမ္ပဝါစာ မဖတ်မီ ရှေးဦးစွာ မြတ်စွာဘုရားအား ရှိခိုးပါသည်။

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက်ဆို)

## ဥပဇ္ဈာယ် ယူစေခြင်း

ဘုရားရှိခိုးပြီးနောက် ဥပဇ္ဈာယ်ယူရန် ပို့ချပေးရပါသည်—

'ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။

'အရှင်ဘုရား၊ တပည့်တော်၏ ကျေးဇူးကြီးငယ် အသွယ်သွယ်ကို ကြည့်ရှုမြင်တော်ခိုက်ူးမည့် ဥပဇ္ဈာယ်ဖြစ်တော်မူပါဘုရား'

ဟူ၍ သုံးကြိမ် ဆိုစေခဲ့ပါသည်၊ ပဥ္စင်းလောင်းလည်း သုံးကြိမ်တိုင်တိုင် ဆိုခဲ့ပါသည်။

ဥပဇ္ဈာယ် ဆရာတော် နိုင်ငံကျော် ဓမ္မကထိက ဟံသာဝတီ ဒိုက်ဦး ဆရာတော် ဦးဉာဏိန္ဒက 'ပါသာဒိကေန သမ္ပာဒေဟိ- ကြည်ညိုဖွယ်ကို ဆောင်တတ်တဲ့ ကိုယ်အမူအရာ, နှုတ်အမူအရာနှင့် ပြည့်စုံအောင် နေပါလေ' ဟု မိန့်ကြားတော်မူပါသည်။

ရဟန်းလောင်းက -

'အာမ ဘန္တေ-နေပါ့မယ်ဘုရား'

ဟု ပြန်လည်လျှောက်ထားပါသည်၊ ဥပဇ္ဈာယ် ဆရာနှင့် ပဥ္စင်းလောင်းတို့ အချင်းချင်း ပြောဆို လျှောက်ထား ပြီးတော့ စာရေးသူက အောက်ပါအတိုင်း ရဟန်းခံခြင်း ကိစ္စတို့ကို စတင်ဆောင်ရွက်ခဲ့ရပါသည်၊ ယင်းသို့ ဥပဇ္ဈာယ် ယူနိုင်းရခြင်းကား မြတ်စွာဘုရားကိုယ်တော်တိုင် 'ပဌမံ ဥပဇ္ဈံ ဂါထာ ပေတဗ္ဗော- လက်မှန်ပေးဆွ ရှေးဦးခဏမှာ ဥပဇ္ဈာယ် ယူစေရမယ်'ဟု ပညတ်တော်မူခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ဘာဖြစ်လို့ ဥပဇ္ဈာယ်ယူရသလဲဆိုရင် ဆုံးမမယ့်သူ မရှိရင် ဖြစ်သလိုနေ, ဖြစ်သလိုစား, စတဲ့ အာပတ် သင့်ကြောင်း ကိစ္စများကို ပြုလုပ်ဆောင်ရွက်နိုင်တာ ဖြစ်လို့ပါပဲ၊ လိုရင်းကတော့ ပရမ်းပတာ မဖြစ်စေလိုလို့ပဲ ဖြစ်ပါသည်။

'ဥပဇ္ဈ' ဂါဟာပေဟာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ- ဥပဇ္ဈာယ် ယူပြီးနောက် သပိတ်တစ်လုံး, သုံးထည်သော သင်္ကန်းတို့ကို ပြောကြားသွားရမယ်' ဟု မြတ်စွာဘုရား မိန့်တော် သက်မှတ်တော်မူခဲ့တာဖြစ်လို့ စာရေးသူက သပိတ်, သင်္ကန်းတို့ကို အောက်ပါအတိုင်း ပြောပြထားရပါသည်။

## သပိတ်, သင်္ကန်း

'အယံ တေ ပတ္တော-အခု ငါ့ရှင်ရဲ့ ရှေ့တည့်တည့်မှာ ချထားတဲ့သပိတ်ဟာ ငါ့ရှင်ရဲ့ ကိုယ်ပိုင်သပိတ်ဖြစ်တယ်၊ ငါ့ရှင်ကလဲ ကိုယ်ပိုင်သပိတ်လို့မှတ်ပါ 'အယံ သံဃာဋိ- ငါ့ရှင်ရဲ့ ကိုယ်ပေါ်မှာ ဝတ်ရုံချစ်သိုင်းထားတဲ့ နှစ်ထပ် သင်္ကန်းကိုလဲ ငါ့ရှင်ရဲ့ ကိုယ်ပိုင် နှစ်ထပ် သင်္ကန်းရယ်လို့ မှတ်ထားပါ၊ ပြီးတော့ အယံ ဥတ္တရာသင်္ဂ- ငါ့ရှင်ရဲ့ ကိုယ်အထက်ပိုင်းမှာ ဝတ်ရုံထား ကောသိ သင်္ကန်းကိုလဲ ကိုယ်ပိုင် ကောသိသင်္ကန်းရယ်'လို့ မှတ်ပါ၊ ပြီးတော့ အယံ အန္တရဝါသကော- ငါ့ရှင်ရဲ့ ကိုယ်အောက်ပိုင်းမှာလဲ ဝတ်ထားတဲ့ သင်းပိုင်သင်္ကန်းကိုကိုယ်ပိုင် သင်းပိုင် သင်္ကန်း' လို့ မှတ်ပါ။

စာရေးသူသည် ရဟန်းလောင်း ရှင်သောပါကအား ပြောပြပြီးခဲ့တဲ့အတိုင်း သပိတ်, သင်္ကန်းတို့ကို လက်ဖြင့် ကိုင်ပြီး ပြောပြပေးခဲ့ပါသည်။

၎င်းနေရာ၌ သပိတ်, သင်္ကန်း ငှားရမ်းပြီး ရဟန်းခံရင်လဲ ရဟန်းအဖြစ်တော့ ရောက်ပါသည်၊ သို့သော် ရဟန်းခံပေးကြတဲ့ ရဟန်းတော်များမှာ ဒုက္ကဋ်အာပတ်သင့်ကြပါသည်။

## ဂန္ဓ + တိဋ္ဌာဟိ

'ဂန္ဓ အမှုမှ ကြွကာသော တိဋ္ဌာဟိ- ငါ့ရှင် ရဟန်းလောင်း၊ ယခုအခါမှာ ငါ့ရှင်ရဟန်းလောင်းကို သွန်သင်ဆုံးမ နည်းလမ်းပြဖို့တော့ အချိန်ရောက်ပါပြီ၊ ဒါပေမယ့် သံဃာတော်များရဲ့အလယ်မှာ သွန်သင်ဆုံးမ နည်းလမ်းပြလို့ မဖြစ်ဘူး၊ သံဃာများကို မလေးစားရာ ရောက်တယ်၊ ဒါကြောင့် ငါ့ရှင် ရဟန်းလောင်းဟာ သံဃာတော်ရဲ့ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ လွတ်လောက်ရာ အရပ်မှာ သွားရောက်ပြီးတော့ ခေတ္တခဏ နေပါဦး၊ သမုတိ ရတဲ့ အခါ ငါလာခေါ်ပြီးတော့ သွန်သင်ဆုံးမ နည်းလမ်းပြပေးပါ့မယ်'

ရဟန်းလောင်း ရှင်သောပါကသည် သံဃာတော်များအား လက်အုပ်ချီမိုး ရှိခိုးလျက် နောက်ဆုတ်,နောက်ဆုတ် သွားပြီး သိမ်အဝင်ဝမှာ လက်အုပ်ချီမိုးရှိခိုးပြီး ရပ်ဘန့်တည်နေပါသည်၊ ၎င်းနေရာ၌ ရဟန်းလောင်းသည် သိမ်၏အပြင်ဘက် တစ်နေရာရာ၌လည်း နေကောင်းပါသည်၊ သံဃာတော်များ မမြင်ရာ, မကြားရာနေရာ၌

သွားရောက် သွန်သင်ဆုံးမ နည်းလမ်းပြပါက ပိုကောင်းပါသည်။

တိဋ္ဌာဟိ– ရပ်နေရမယ်လို့ ဆိုပေမယ့်လဲ ရှိရှိသေသေ လေးလေးစားစားနှင့် ထိုင်နေလျှင်လည်း ထိုင်နေကောင်းပါသည်၊ ဤသည်တို့ကား ပရိယတ်အကျော်အမော် ဆရာတော်ကြီးများ၏ အဆုံးအဖြတ်ဖြစ်ပါသည်။

## အမည်မှည့်ခြင်း

အနုသာသကဖြစ်သည့် စာရေးသူသည် ရဟန်းလောင်း နေရာယူပြီးသောအခါ ဥပဇ္ဈာယ်ဆရာ၏အမည်ကို ရွေး ဦးသွား၍ဆိုမှည့်ပါသည်။

'ယခုအခါမှာ ကမ္မဝါစာဖတ်ရာ၌ ဂရုဂါရဝ ဖြစ်စေခြင်းငှာလည်းကောင်း၊ လွယ်ကူစေခြင်းငှာလည်းကောင်း နိုင်ငံကျော် ဓမ္မကထိက ဒိုက်ဦးဆရာတော်၏ အမည် ဟောင်းကို ဖျောက်၍ 'တိဿ' ဟူ၍ အမည်မှည့်ပါသည် ဘုရား၊ တိဿော, တိဿံ, တိဿေန, တိဿဿ စသည် ဖြင့် ဖတ်တဲ့အခါ ဒိုက်ဦးဆရာတော်အမည်ကို ဖတ်သည် ဟူ၍ မှတ်တော်မူကြပါဘုရား။

'ရဟန်းလောင်း၏ အမည်ကိုတော့ သူ၏ဘွဲ့အတိုင်း "သောပါက" ဟူ၍ ဖတ်ပါမယ်ဘုရား'

ရဟန်းလောင်း၏အမည်ကို နာဂ, ဒတ္တ စသည်ဖြင့် အမည်ငှဲပြီး ဖတ်လျှင်လည်း ဖတ်နိုင်ပါသည်၊ ဘွဲ့တော်

အတိုင်း ဖတ်လျှင်လည်း ဖတ်နိုင်သည်ဟု ရှေးဆရာတော်ကြီးများ ဆုံးဖြတ်တော်မူခဲ့ကြပါသည်။

နာ သော ကြပါ

အနုသာသကဖြစ်သော စာရေးသူသည် ကမ္မဝါစာကို ဤသို့ ဖတ်ပြန်ပါသည်။

သုဏာတု မေ ဘန္တေ သံဃော သောပါကော အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော ယဒိ သံဃဿ ပတ္တကလ္လံ အဟံ သောပါကံ အနုသာသေယျံ--

'အရှင်ဘုရားတို့၊ သံဃာတော်သည် တပည့်တော်၏ စကားကို နားထောင်တော်မူလော့၊ ရှင်သောပါကသည် အရှင်တိဿကို အကြောင်းပြု၍ ရဟန်း ဖြစ်လိုပါ၏၊ အကယ်၍ သံဃာတော်အား လျောက်ပတ်သော အခါရှိသော  သည် ဖြစ်ငြားအံ့၊ တပည့်တော်သည် ရဟန်းလောင်း ရှင်သောပါကကို ဆုံးမပါမည်ဘုရား'

နံ့ဒါန်းစကား

အနုသာသကဖြစ်သည့် စာရေးသူသည် ဤသို့ ပြောဆိုလျှောက်ထားပြီးနောက် ရဟန်းလောင်း ဖြစ်သည့် ရှင်သောပါက ရှိရာသို့ နောက်ဆုတ်သွားခဲ့ပါသည်၊ သံဃာတော်များအား အရိုအသေ ပေးသောအားဖြင့် နောက်ဆုတ်သွားခြင်းဖြစ်ပါသည်၊ အနုသာသကဖြစ်သည့် စာရေးသူသည် ရဟန်းလောင်း ရှင်သောပါကအနီးသို့

ရောက်သောအခါ သံဃာတော်များရှိရာဘက်သို့ပင် မျက်နှာလှည့်ပြီး ဖာရှိအနားသာ နေပါသည်၊ ရဟန်းလောင်းကိုလဲ နေရာကျအောင် နေစေပါသည်၊ အားလုံး အဆင်သင့်ဖြစ်သောအခါကျမှ အောက်ပါအတိုင်း မြန်မာဘာသာ သက်သက်ဖြင့် သွန်သင်ဆုံးမ နည်းလမ်းတွေ ပြသပေးပါသည်။

'ငါ့ရှင် ရဟန်းလောင်း၊ ယခုအခါမှာ ငါ့ရှင်ရဟန်းလောင်းဟာ အမှန်အဘုတ်ကို မချန်မယုတ် လျှောက်ထား ပြောကြားရမယ့် အချိန်အခါဖြစ်တယ်၊ ဥပဇ္ဈာယ်ဆရာ၊ အနုသာသကဆရာ၊ ကမ္မဝါစာဆရာ၊ ကာရကသံဃာတော်များမှာ အပြစ်သင့်ကြောင်း ငါ့ရှင်ရဟန်းလောင်းမှာ ရဟန်းမဖြစ်ကြောင်း အန္တရာယိကဓမ္မများ ရှိနေသလားလို့ မေးမြန်းကြလိမ့်မယ်၊ ဒီလိုမေးကြတဲ့အခါမှာ ရှိရင် ရှိပါတယ် မရှိရင် မရှိပါဘူးဘုရား ရယ်လို့ လျှောက်ထားရလိမ့်မယ်၊ ရှဲ့တီးရှုံ့ဘွန့် အကြောက်ပိုပြီး မလျှောက်ဆိုဘဲလဲ မနေပါနဲ့၊ မရှိဘာကိုရှာကြံလို့ မေးရပါ့မလားသို့လဲ မျက်နှာမကြည်မသာ မရှိပါနဲ့၊ ငါ့ရှင်ရဟန်းလောင်းကို သံဃာတော်များက ဒီလိုမေးမြန်းကြပါလိမ့်မယ်....

အနုသာသကဖြစ်သည့် စာရေးသူသည် ခေတ္တမျှ အနားယူပြီး ရဟန်းလောင်းအားကြည့်ရှုခဲ့ပါသည်၊ ရဟန်းလောင်းကိုလဲ နားထောင်ဖို့ ထပ်ဆင့်သတိပေးစကားပြော

ကြားပြီး အောက်ပါအတိုင်း ဆက်လက် မေးမြန်းပါလိမ့်မယ်လို့ ဆိုပြီး သင်ပေးနေပါသည်။

## (၁) အနာကြီးများနှင့်သလား

'ငါ့ရှင်ရဟန်းလောင်း၊ နားစေ့စေ့ထောင်ပါ၊ မြတ်စွာဘုရားရဲ့ လက်ထက်တော်အခါတုန်းက ဝဲကြီးစွဲကာ အိုင်းအမာနှင့် နူနာတစ်မျိုး ခရယုဂ် ချောင်းဆိုးသွေးပါ ဝက်ရူး ကြက်ရူးနာလို့ဆိုတဲ့ အနာကြီးငါးမျိုး စွဲကပ်နေကြတဲ့ ရာဇဂြိုဟ်ပြည်သား လူအများဟာ ဆရာကြီးဇီဝကရဲ့ အကုအသကို ခံလိုကြတာနဲ့ ဆရာကြီးထံ သွားရောက်ကြတယ်၊ ဆရာကြီးဇီဝကကလဲ 'အမောင်တို့၊ ငါမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်များကိုလဲ ကုသပေးနေရတယ်၊ ဘုရင်ဗိမ္ဗိသာရမင်းကြီးနှင့်တကွ နန်းတွင်းသူနန်းတွင်းသားများကိုလဲ ကုသပေးနေရတယ်၊ ငါမှာ အားလပ်သည့်ပင် မရှိပါ'လို့ ပြောဆိုလိုက်ပါတယ်။

'ဒီတော့ အချို့လူတွေဟာ ဆရာကြီးဇီဝကရဲ့ အကုအသကို ခံလိုကြတာနဲ့ သာသနာအတွင်းကို ဝင်ရောက်ကြပြီး ရှင်ရဟန်း ပြုလုပ်နေကြပါတယ်၊ ဆရာကြီးဇီဝကရဲ့ အကုအသကို ခံရတဲ့အတွက် ရောဂါများ ပျောက်ကင်းပြီး လူပြန်ထွက်ကာ သား, သမီး, ဇနီး, မယားများနှင့်အတူ ပြန်နေကြပါသတဲ့၊ ဆရာကြီးဇီဝက သိရှိရလို့ စိတ်မကောင်းဖြစ်ပြီး မြတ်စွာဘုရားထံ သွားရောက်ပြီး 'အနာကြီး ငါးမျိုးတို့တွင် တစ်မျိုးမျိုး စွဲကပ်နေကြသူများကို

ရှင်ရဟန်း ပြုလုပ်ပေးတော်မမူပါနဲ့ ဘုရား’ လို့ လျှောက်ထားပါတယ်၊ မြတ်စွာဘုရားဟာ ဆရာကြီးဇီဝက လျှောက်ထားတာကို အကြောင်းပြုပြီး ‘အနာကြီးငါးမျိုးရှိတဲ့လူတွေကို ရှင်ရဟန်း ပြုလုပ်မပေးကြရဘူး၊ တကယ်လို့ ရှင်ရဟန်းပြုလုပ်ပေးမိမယ် ဆိုရင်လဲ ဒုက္ကဋ်အာပတ်သင့်စေ’ လို့ အမိန့်တော်မြတ် သတ်မှတ်တော် မူခဲ့ပါတယ်၊ ဒါ့ကြောင် ငါ့ရှင်ကိုလဲ ငါ့ရှင်ရဲ့ကိုယ်မှာ အနာကြီးငါးမျိုးတို့ကွင် တခုမျိုးမျိုး ရှိနေသလားလို့ မေးမြန်းစိစစ်ရခြင်းပဲ ဖြစ်ပါတယ်။

## (၂) လူသားစစ်စစ် ဟုတ်ကဲ့လား

‘ငါ့ရှင်ရဟန်းလောင်းဟာ လူသားစစ်စစ်ကော ကေန်ဖြစ်ရဲ့လားလို့လဲ မေးမြန်းကြလိမ့်မယ်၊ ဘာဖြစ်လို ဒီလိုမေးကြရသလဲဆိုရင် မြတ်စွာဘုရားရဲ့လက်ထက်တော်အခါတုန်းက နဂါးတစ်ကောင်ဟာ သူ့ရဲ့နဂါးမျိုးဇာတိဘဝကိုရွံရှာစက်ဆုပ်တဲ့အတွက် ဘဲဒနဂါးမျိုးမှ လူအဖြစ်ကိုဖန်ဆင်းပြီး သာသနာတွင်း ဝင်ရောက်ကာ ရဟန်းပြုလုပ်နေပါတယ်။

‘မိမိရဲ့အကြောင်းကို သူများသိမှာစိုးတဲ့အတွက် ရဟန်းတော်တစ်ပါးကို အဖော်ပြုပြီး အစွန်အဖျား အနားကျတဲ့ကျောင်းတစ်ကျောင်းမှာ နေပါတယ်၊ တစ်နေ့တော့ အဖော်ရဟန်းဟာ ရဟန်းသာ အပြင်သွားနေခိုက် စိတ်ချလက်ချ လက်လွှတ်လပ်လပ် အိပ်လိုက်မိတာနဲ့ မိမိရဲ့ ခန္ဓာကိုယ်ကြီးဟာ မြွေနဂါးကြီးရဲ့ပုံသဏ္ဍာန်အတိုင်းဖြစ်ပေါ်

သွားသတဲ့၊ အဖေဝ်ရဟန်းတော် အပြင်ကပြန်ရောက်လာတဲ့ အခါ ကျောင်းထဲ ကြည့်လိုက်တော့ ဟစ်ကျောင်းလုံး မြွေ နဂါးကြီးရဲ့ ကိုယ်နှင့် ပြည့်နေတာကို တွေ့မြင်လိုက်ပါ သတဲ့၊ ရဟန်းတော်က ကြောက်အားလန့်အားနှင့် အော် လိုက်ပါသေးရော၊ ကခြားရဟန်းတွေ ကြားရလို့ လာ ရောကြီး အကျိုးအကြောင်း မေးမြန်းကြပါတယ်၊ ရဟန်း များမှတစ်ဆင့် မြတ်စွာဘုရားအား လျှောက်ထားကြပါ တယ်၊ ဒီတော့ မြတ်စွာဘုရားက

'နဂါး, ဂဠုန်, ကုမ္ဘဏ်, နတ်သား, သိကြား, မြဟ္မာ တွေဟာ တိရစ္ဆာန်တွေဖြစ်တယ်၊ ငါဘုရားရဲ့ သာသနာ နှင့် မတန်ဘူး၊ ဒါ့ကြောင့် သူတို့ကို သာသနာတော်တွင်း မှာ ရှင်, ရဟန်း ပြုလုပ်မပေးကြရဘူး၊ တကယ်လို့ ပြုလုပ် ပေးမိရင်တဲ့ အဲဒီ ရဟန်းများအား ဒုက္ကဋ်အာပတ်သင့်စေ' လို့ ပညတ်တော်မူခဲ့ပါတယ်၊ အဲဒီပညတ်တော်မူချက်အရ ငါ့ရှင်ရဟန်းလောင်းကို လူသားစစ် ကေန်ဖြစ်ရဲ့ လား လို့ မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်၊ ဒါကို အမှန်အတိုင်း မိမိဘာသာ ဖြေပါ'

(၃) ယောကျ်ားစစ်မှုလား

'နောက် တစ် ခု က တော့ ငါ့ ရှင် ရဟန်း လောင်း ကို ယောကျ်ားစစ်စစ်ကော ဟုတ်ရဲ့လားလို့ လဲ မေးကြလိမ့် ဦးမယ်၊ ဘာဖြစ်လို့ မေးကြရသလဲဆိုရင် မြတ်စွာဘုရားရဲ့ လက်ထက်တော် အခါတုန်းကပါပဲ၊ ကိမောဘာ သောင်

ကျန်းတဲ့ ပဏ္ဍုက်တွေဟာ သာသနာတော်တွင်းသို့ ဝင်ရောက်ပြီး ရှင်, ရဟန်း ပြုလုပ်လာကြတယ်၊ ရှင်ငယ်, ရဟန်းငယ်လေးတွေကို သူတို့ရဲ့ ခန္ဓာကိုယ်နှင့် ရင်းနှီးပြီး ဖြားယောင်းသွေးဆောင် ဖျက်ဆီးဖို့ ကြိုးစားခဲ့ကြတယ်၊ အဲဒီ အကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူတဲ့အတွက် 'ကိလေသာ ထော်းကျန်းတဲ့ ပဏ္ဍုက်တွေကို ရှင်, ရဟန်း ပြုလုပ်မပေးရ၊ ပြုလုပ်ပေးမိခဲ့ရင် ဖျက်ဆီးပစ်စေ' လို့ ပညတ်တော် မူခဲ့ပါတယ်၊ အဲဒီ ပညတ်တော်မူချက် အရ ငါ့ရှင် ရဟန်း လောင်း ကို ယောကျ်ားစစ်စစ်ကောင်း ဖြစ်ပါရဲ့လားလို့ မေးမြန်းခြင်းပဲ ဖြစ်ပါတယ်၊ ဒီလိုမေးတဲ့အခါမှာ ဖြစ်ရင် ဖြစ်ပါတယ် ဘုရား၊ မဖြစ်ရင် မဖြစ်ပါဘူး ဘုရားရယ်လို့ လျှောက်ထားရမှာ ဖြစ်ပါတယ်'

## (၄) ကျွန်ဖြစ်နေသလား

ငါ့ရှင် ရဟန်းလောင်းဟာ သူတစ်ပါးတို့ရဲ့ အပိုင်းအစေ ကျေးကျွန်များ ဖြစ်နေပါသလားလို့လဲ မေးကြလိမ့်ဦးမယ်၊ မှန်တဲ့အတိုင်း ပြန်လည်ဖြေကြား လျှောက်ထားရမှာ ဖြစ်ပါတယ်၊ ဒီလိုမေးမြန်းခြင်းရဲ့ အကြောင်းကလဲ အကြောင်းရှိပါတယ်၊ မြတ်စွာဘုရား လက်ထက်တော်အခါ တုန်းကပဲ သူတစ်ပါးတို့ရဲ့ ကျေးကျွန်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာတော်အတွင်းမှာ ဝင်ရောက်ကြပြီး ရှင်, ရဟန်းပြုလုပ်နေကြပါတယ်၊ နောင်အခါ အရှင်

သခင်တွေက သိရှိကြရလို့ ကျောင်းတော်သို့ လိုက်လာကြပြီး သက်န်းတွေကို အတင်းဆွဲချွတ်ကာ အိမ်သို့ ပြန်ခေါ်မယ်လို့ လုပ်ကြတာကို မြတ်စွာဘုရား ကြားသိတော်မူရလို့ 'သူ့ကျွန်အဖြစ်မှ မလွတ်သေးတဲ့ သူကို ရဟန်းပြုလုပ်မပေးရ၊ ပြုလုပ်ပေးမိခဲ့ရင်လဲ ပြုလုပ်ပေးတဲ့ ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ' လို့ ပညတ်တော်မူခဲ့ပါတယ်၊ ဒီပညတ်တော်မူချက်အရ ငါ့ရှင်ရဟန်းလောင်းကို သူ့ကျွန်အဖြစ်မှ ကင်းလွတ်ရဲ့လားလို့ မေးမြန်း စိစစ်ရခြင်းပဲ ဖြစ်ပါတယ်'

## (၅) ကြွေးကင်းရဲ့လား

'နောက်တစ်ချက် မေးကြလိမ့်ဦးမယ်၊ ငါ့ရှင်ရဟန်းလောင်းဟာ သူတစ်ပါးတို့ရဲ့ကြွေးကော ကင်းရဲ့လားလို့ ဒီလိုမေးတဲ့အခါမှာလဲ အမှန်အတိုင်း အဖြေပေးစကားလျှောက်ထားရမှာ ဖြစ်တယ်နော်၊ ဒီလို မေးမြန်းရခြင်းကတော့ မြတ်စွာဘုရားလက်ထက်တော်တုန်းကပါပဲ၊ သူတစ်ပါးတို့ရဲ့ ကြွေးမကင်းကြသေးတဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာတော်တွင်းသို့ ဝင်ရောက်လာကြတယ်၊ ကြွေးရှင်မြီရှင်တွေ က လိုက်လာကြပြီး ကြွေးတောင်းကြတယ်၊ ဒီအကြောင်းတွေကို မြတ်စွာဘုရား ကြားသိတော်မူရတဲ့အတွက် 'ကြွေးမကင်းတဲ့ ပုဂ္ဂိုလ်တွေကို ရဟန်းပြုလုပ်မပေးရဘူး၊ တကယ်လို့ ပြုလုပ်ပေးခဲ့မိရင်တော့ ပြုလုပ်ပေးကြတဲ့ ရဟန်းတော်များဟာ ဒုက္ကဋ်အာပတ်သင့်စေ'

လို့ ပညတ်တော်မူခဲ့ပါတယ်၊ အဲဒီပညတ်ချက်ရှိတာ ဖြစ်လို့ ငါ့ရှင် ရဟန်းလောင်းကို ဆရာတော်များက ငါ့ရှင်ဟာ ကြွေးကင်းရဲ့လားလို့ မေးမြန်းစစ်ရခြင်းပဲ ဖြစ်ပါတယ်၊ တကယ်လို့ ကြွေးရှိပေလိမ့် တာဝန်ယူဆပ်မယ့် ပုဂ္ဂိုလ်ရှိတာက ဒါမှမဟုတ် လူပြန်ထွက်တဲ့အခါ ကြွေးဆပ်ပါ့မယ်လို့ ပြောဆိုထားရင်လဲ ကြွေးကင်းရာရောက်ပါတယ်'

(၈) မင်းမှုထမ်းဖြစ်နေသလား

'နောက်တစ်ခုက မင်းခစား, လခစားယောကျ်ားများ ဖြစ်နေသလားလို့လဲ မေးကြလိမ့်မယ်၊ အနှုန်းအတိုင်း ဖြေဆိုလျှောက်ကြားရမှာ ဖြစ်ပါတယ်၊ ဒီလိုမေးရခြင်းရဲ့ အကြောင်းကလဲ မြတ်စွာဘုရားလက်ထက်တော်အခါတုန်းကပါပဲ၊ ဘုရင်ဗိမ္ဗိသာရမင်းကြီးရဲ့ စစ်ဗိုလ်, စစ်ကဲ, စစ်ရဲ, ဗိုလ်မှူး စတဲ့ အမှုထမ်း, အရာရှိများ အများအပြားဟာ မင်းမှုရဲ့ ဖြစ်ပျက်ပြုမှုတွေနဲ့ ကြုံရတဲ့ အခြေအနေနဲ့ သာသနာတော်တွင်း သားရဟန်းတော်များရဲ့ အသုံးအနေမှာ [illegible] ကျွမ်းဖြူးပြီး ရဟန်းဘဝများနဲ့ [illegible] မှန်မြတ်တဲ့ သိရှိရတဲ့ [illegible] အချို့အချို့ဟာ သာသနာတော်တွင်းမှာ ရဟန်းအဖြစ် ဝင်ရောက်လာကြပါတယ်၊ တစ်နေ့ အစွန်အဖျားကျတဲ့ နယ်စပ်ဒေသမှာ သူပုန်ထကြွမှုတွေ ဖြစ်ပေါ်လာပါတယ်၊ ဒါ့ကြောင့် စစ်တက်မှာ အရေးပါ အရာရောက်တဲ့ စစ်ဗိုလ်ပုဂ္ဂိုလ်တွေကို ဆင့်ခေါ်လိုက်တဲ့အခါ အဲဒီပုဂ္ဂိုလ်များ ရောက်မလာကြ

ပါဘူး၊ မင်းကြီး မေးမြန်းစုံစမ်းတဲ့အခါ သာသနာတော်တွင်း ဝင်ရောက်ပြီး ရဟန်းလုပ်နေကြကြောင်း သံတော်ဦးတင်ကြပါတယ်၊ လက်တလော ဆင်ယင်ကျင်းပကြတဲ့ ညီလာခံမှာပဲ အမတ်ကြီးတွေက မစုံမစမ်း လုပ်ရကောင်းလား ဆိုပြီး ဥပဇ္ဈာယ်ဆရာစတဲ့ ရဟန်းတော်များကို လျှာဖြတ်, နံရိုးချိုး အမျိုးမျိုး အပြစ်ဒဏ်ပေးသင့်ကြောင်း သံတော်ဦးတင်ကြတယ်။

'မင်းကြီးဟာ သာသနာ ကြည်ညိုတဲ့ မင်းဖြစ်တဲ့အတွက် မြတ်စွာဘုရားထံ သွားရောက်ပြီး 'မြတ်စွာဘုရား၊ နောင်အခါ သာသနာကြည်ညိုတဲ့ မင်းများ လက်ထက်တွင် အခုလို မင်းမှုထမ်းတွေကို ရဟန်းပြုလုပ်ပေးမိကြရင် ဥပဇ္ဈာယ်ဆရာစတဲ့ ရဟန်းတော်များမှာ မုချပင် မင်းပြစ်မင်းဒဏ် ခံရစရာအကြောင်း ရှိပါတယ်ဘုရား၊ ဒါ့ကြောင့် မင်းမှုထမ်း ယောကျ်ားများကို ရဟန်း ပြုလုပ်မပေးပါနဲ့ဘုရား' လို့ လျှောက်ထားပါတယ်။

'ဘုရင်ဗိမ္ဗိသာရမင်းကြီးရဲ့ လျှောက် ထား စ ကား ကို အကြောင်းပြုပြီး မြတ်စွာဘုရားက 'မင်းမှုထမ်းယောကျ်ားများကို ရဟန်းပြုလုပ်မပေးရ၊ ပြုလုပ်ပေးမိရင် ပြုလုပ်ပေးကြတဲ့ ရဟန်းများအား ဒုက္ကဋ်အာပတ်သင့်စေ' လို့ ပညတ်တော်မူခဲ့ခြင်း ဖြစ်ပါတယ်၊ အဲဒီပညတ်ချက်အရ ငါ့ရှင်ရဟန်းလောင်းကို မင်းမှုထမ်း, လခစားယောကျ်ားများ ဖြစ်နေသလားလို့ မေးမြန်း စိစစ်ရခြင်းပဲ ဖြစ်ပါတယ်၊

ခွင့်ယူထားရင်တော့ အဲဒီခွင့်ယူရက်အတွင်းဟာ မင်းခစား, လခစားယောကျ်ား မဟုတ်တော့ပါဘူး'

## (၇) မိဘတို့က ခွင့်ပြုကြရဲ့လား

'နောက်တစ်ခု မိဘများက ခွင့်ပြုကြပါရဲ့လားလို့လဲ မေးမြန်း စိစစ်ကြပါလိမ့်ဦးမယ်၊ အမှန်အတိုင်း ပြန်လည် လျှောက်ထားပါ၊ ဘာဖြစ်လို့ ဒီလို မေးမြန်းစိစစ်ရပါ သလဲဆိုရင် တစ်ခါက နန္ဒမင်းသားကို မြတ်စွာဘုရား ခေါ်တော်မူပြီး ရဟန်းပြုပေးတော်မူလိုက်ပါတယ်၊ အဲဒီ နောက်မှာလည်း 'ရာဟုလာ'အား သူ့အဘိုး သုဒ္ဓေါဒန မင်းကြီးက ထီးမွေ နန်းမွေပေးမယ်လို့ ရည်ရွယ်မျှော်မှန်း ပြီး အရိပ်တကြည့်ကြည့်နဲ့ နေတုန်းမှာ တစ်နေ့ မြတ်စွာ ဘုရား ကြွရောက်အလာ အမွေလိုက်တောင်းရာမှ သာသနာ့ အမွေပေးပြီး ရှင်ပြုပေးလိုက်ပြန်ပါတယ်။

'မင်းကြီးဟာ သားဘုရားရဲ့ လုပ်ပုံကို သိရှိတော်မူတဲ့ အတွက် သားကိဝင်မင်းမျိုးတော့ ပြုတ်တော့မယ်လို့ဆို ကာ မြတ်စွာဘုရားထံ သွားရောက်ပြီး....

'မြတ်စွာဘုရား၊ မိဘများဟာ သားသမီးများကို ရိုးတွင်းခြင်ဆီခိုက်အောင် ချစ်ကြပါတယ် ဘုရား၊ ဒါ့ ကြောင့် မိဘများ ခွင့်မပြုတဲ့ သားသမီးများကို ရှင်ရဟန်း ပြုလုပ်ပေးတော်မမူပါနဲ့ဘုရား'လို့ လျှောက်ထားတောင်း ပန်ပါတယ်။

'မြတ်စွာဘုရားကိုယ်တိုင် ဖခမည်းတော်ရဲ့ တောင်းပန် လျှောက်ထားစကားအရ 'မိဘတို့ခွင့်မပြုတဲ့ သားသမီး များကို ရှင်ရဟန်း ပြုမပေးရ၊ ပြုလုပ်ပေးမိရင် ဒုက္ကဋ် အာပတ်သင့်စေ'လို့ ပညတ်တော်မူခဲ့ပါတယ်၊ ဒါ့ကြောင့် ငါ့ရှင် ရဟန်းလောင်းကို မိဘတို့က ခွင့်ပြုရဲ့လားလို့ မေးမြန်း စိစစ်ရခြင်းပဲ ဖြစ်ပါတယ်'

'အိမ်ထောင်ရှိတဲ့သူများအတွက် ဇနီးမယားက ခွင့်ပြု ရဲ့လားလို့ မေးမြန်းစရာ မလိုပါဘူး၊ ဇနီးမယားဆိုတာ တဏှာပေမနှင့် ဆက်စပ်နေလို့ မမေးရခြင်း၊ ခွင့်ပြုချက် မယူရခြင်း ဖြစ်ပါတယ်၊ မိဘများကတော့ မေတ္တာနှင့် ဆက်စပ်နေတာဖြစ်တာမို့ မိဘတို့ရဲ့ခွင့်ပြုချက် ရရဲ့လား လို့ မေးမြန်းစိစစ်ရခြင်းပဲ ဖြစ်ပါတယ်'

## (ဂ) အသက်နှစ်ဆယ်ပြည့်ရဲ့လား

'နောက်တစ်ခု ငါ့ရှင်ရဟန်းလောင်းဟာ အသက် ၂၀-ကော ပြည့်ရဲ့လားလို့ မေးမြန်း စိစစ်ကြပါလိမ့်ဦးမယ်၊ အမှန်အတိုင်း ပြန်လည်လျှောက်ထားရမှာ ဖြစ်ပါတယ်၊ ဘာဖြစ်လို့ မေးမြန်းရပါသလဲဆိုရင် တစ်ခါက သတ္တရသ ဝဂ္ဂီညီနောင်ကလေးတွေဟာ သာသနာတော်ဘွင်းမှာ ဝင် ရောက်ပြီး ရဟန်းပြုလုပ်နေကြပါတယ်၊ သူတို့ဟာ အသက် အားဖြင့် ၁၀-နှစ်၊ ၁၂-နှစ်၊ ၁၄-နှစ် အရွယ်လောက်သာ ရှိကြပါသေးတယ်၊ ခရုဏ်ကျင်းလို့ အလင်းရောက်တဲ့ အခါ ထမင်းပေးပါ၊ ဟင်းပေးပါ၊ ယာဂုပေးပါ

စသည်ဖြင့် ဆူဆူညံညံ ဖြစ်နေကြတာကို မြတ်စွာဘုရားကြားသိတော်မူရတဲ့အတွက် အသက်ငယ်သူတွေဟာ ဆာလောင်မှုဒဏ်၊ အအေး အပူစတဲ့ ဒဏ်တွေကို မခံနိုင်ကြသေးဘူး၊ အသက် ၂၀-ပြည့်မှသာ ဒုက္ခအထွေထွေကို ခံနိုင်ကြမှာဖြစ်တယ်၊ ဒါကြောင့် အသက် ၂၀-မပြည့်သူကို ရဟန်းခံမပေးရ၊ ရဟန်းပြုလုပ်ပေးခဲ့ရင် ပြုလုပ်ပေးတဲ့ရဟန်းတော်အား ဒုက္ကဋ်အာပတ်သင့်စေ’လို့ ပညတ်တော်မူခဲ့ပါတယ်၊ အဲဒီပညတ်တော်မူချက်အရ ငါ့ရှင်ကို အသက် ၂၀-ပြည့်ရဲ့လားလို့ မေးမြန်းစိစစ်ရခြင်း ဖြစ်ပါတယ်၊ ပဋိသန္ဓေရက်ကိုပါယူပြီး ရေတွက်ရင်လဲ ရေတွက်လို့ရပါတယ်’

## (၉) သပိတ်,သင်္ကန်း ပြည့်စုံရဲ့လား

‘နောက်တစ်ခု သပိတ်တစ်လုံး, သင်္ကန်းသုံးထည်ကော ပြည့်စုံရဲ့လားလို့လဲ မေးမြန်း စိစစ်ကြလိမ့်ဦးမယ်၊ အမှန်အတိုင်း အဖြေပေး လျှောက်ထားရမှာ ဖြစ်ပါတယ်၊ ဘာကြောင့် မေးသလဲဆိုရင် တစ်ခါက သပိတ်, သင်္ကန်းမရှိတဲ့သူတွေဟာ အငှားသပိတ်တွေ, အငှားသင်္ကန်းတွေနဲ့ သာသနာတော်တွင်းသို့ ဝင်ရောက်ခဲ့ကြပြီး ရဟန်းဘဝနဲ့ နေထိုင်ကြပါတယ်၊ သိမ်ထဲကလဲ ထွက်ရော သပိတ်ပိုင်ရှင်က သပိတ်ပြန်တောင်းလို့ လက်ခုပ်နှင့် မြိုထဲ, ရွာထဲ လှည့်လည်ပြီး ဆွမ်းခံစားသောက်ကြရပါတယ်၊ သင်္ကန်းပိုင်ရှင်က သင်္ကန်းပြန်တောင်းတော့ ကိုယ်တုံးလုံး မိမွေး

တိုင်း၊ ဖမွေးတိုင်း မြို့ထဲ၊ ရွာထဲ လှည့်လည်ပြီး သွားလာနေထိုင်ကြပ ါတယ်၊ ဒါ့ကြောင့် လူတွေက တက္ကတွန်းတို့ရဲ့ သာသနာနှင့် ရှင်ဂေါတမရဲ့ သာသနာ ဘာထူးသေးလို့လဲလို့ ကဲ့ရဲ့ပြစ်တင်ကြပါတယ်၊ ဒီအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူရလို့ "ကိုယ်ပိုင်သပိတ် သင်္ကန်းမရှိသူတွေကို ရဟန်းပြုလုပ်မပေးရ၊ ပြုလုပ်ပေးလို့ရှိရင် ပြုလုပ်ပေးတဲ့ ရဟန်းတော်အား ဒုက္ကဋ်အာပတ်သင့်စေ" လို့ အမိန့်တော်မြတ် သတ်မှတ်တော်မူပါတယ်၊ အဲဒီ မိန့်ကြားချက်အရ ငါ့ရှင် ရဟန်းလောင်းကိုလဲ သပိတ်၊ သင်္ကန်း ပြည့်စုံရဲ့လားလို့ မေးမြန်းစိစစ်ခြင်းပဲ ဖြစ်ပါတယ်၊ သပိတ်၊ သင်္ကန်းမပြည့်စုံလို့ ရဟန်းမဖြစ်ဘူးလို့တော့ မဆိုပါဘူး၊ ဒါပေမယ့် ရှင်၊ ရဟန်း ဒါယကာ၊ ဒါယိကာမလုပ်ကြသူတွေဟာ သပိတ်၊ သင်္ကန်းကိုတော့ ပြည့်ပြည့်စုံစုံ လှူဒါန်းသင့်ပါတယ်၊ မလိုအပ်တဲ့ ကျွေးတာ၊ မွေးတာ ဧည့်ခံတာ ဆိုင်း၊ ပျော်ပွဲရွှင်ပွဲတွေ ထည့်တာ လောက်ကို ဦးစားမပေးသင့်ပါဘူး'

## (၈) အမည်ဘယ်လိုခေါ်သလဲ

'ငါ့ရှင်ရဟန်းလောင်း၊ နားစေ့စေ့ထောင်၊ ကမ္မဝါစာဖတ်ရာမှာ သမ္မုတိဂုဏ်နဲ့ ပြည့်စုံစေရန် ဝတ္ထုလို့ဆိုတဲ့ ရဟန်းလောင်းနှင့် ဥပဇ္ဈာယ်ဆရာ မုချရှိရမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် ငါ့ရှင်ရဟန်းလောင်းရဲ့ ဥပဇ္ဈာယ်ဆရာရဲ့အမည် ဘယ်လိုခေါ်ပါသလဲ၊ ငါ့ရှင် ရဟန်းလောင်းရဲ့ အမည်က

ကော ဘယ်လိုဂိုဏ်ပါသ ဲ စသည်ဖြင့် မေးမြန်းစိစစ်ကြပါ လိမ့်မယ်၊ အဲဒီအခါကျရင် တပည့်တော်ရဲ့ ဥပဇ္ဈာယ် ဆရာရဲ့ အမည်က 'အရှင်တိဿ' အမည်ရှိပါတယ် ဘုရား၊ တပည့်တော်ရဲ့ အမည်ကတော့ 'သောပါက' အမည်ရှိပါ တယ် ဘုရားလို့ လျှောက်ထားရမှာ ဖြစ်ပါတယ်၊ ကိုယ်ပိုင် အသိဉာဏ်နှင့် လျှောက်ထားရမှာ ဖြစ်ပါတယ်။

'ငါ့ရှင် ရဟန်းလောင်း၊ ငါ့ရှင်ကို သွန်သင်ဆုံးမ နည်းလမ်းပြလို့တော့ ပြီးပြီ၊ ဒါပေမယ့် သင်နှင့်ငါ တစ်ပြိုင်နက်တည်း အတူတကွ သံဃာတော်များရဲ့အလယ် သို့ ဝင်ရောက်ခြင်းငှာ မသင့်လျော်ပါဘူး၊ ဒါ့ကြောင့် ငါ့ရှင်ရဟန်းလောင်းဟာ ဒီနားမှာပဲ ခေတ္တခဏနေခဲ့ပါဦး၊ အဗ္ဘာနုညာတ်ဖြင့် ခေါ်လိုက်တဲ့အခါကျမှ လက်အုပ်ချီမိုး ရှိခိုးပြီး သံဃာတော်များ အလယ်သို့ ဝင်လာခဲ့ပေတော့'

အနုသာသကဖြစ်သည့် ဦးကုသလ (စာရေးသူ) သည် ရဟန်းလောင်းအား အသေးစိပ် သင်ကြားပြသ ဆိုဆုံးမ ပြီး လက်အုပ်ချီမိုး ရှိခိုးကာ သံဃာတော်များ အလယ်သို့ ဝင်ရောက်ခဲ့ပါသည်။ သံဃာတော်များအား အရိုအသေ ပြုပြီး အောက်ပါ အဗ္ဘာနုညာတ် ကမ္မဝါစာကို ဖတ်ပါ တော့သည်။

အဗ္ဘာနုညာတ်

'သုဏာတု မေ ဘန္တေ သံဃော သောပါကော အာယသ္မာတော တိဿဿ ဥပသမ္ပဒါ ပေက္ခော၊ အနု-

သိဒ္ဓော သော မယာ၊ ယဒိသံဃဿ ပတ္တ ကလ္လံ သော ပါကော အာဂစ္ဆာဟိ။

'အရှင်ဘုရားတို့၊ သံဃာတော်သည် တပည့်တော်၏ စကားကို နာတော်မူလော့၊ ရဟန်းလောင်း သောပါက သည် အရှင်တိဿကို အကြောင်းပြု၍ ရဟန်းပဉ္စင်းဖြစ်လို ပါသည်။ တပည့်တော်သည် ထိုရဟန်းလောင်း သော ပါကကို ဆုံးမအပ်ပါပြီ၊ အကယ်၍ သံဃာတော်အား လျှောက်ပတ်သောအခါ ရှိသော် ကိုသည် ဖြစ်ငြားအံ့၊ ရဟန်းလောင်း သောပါကသည် လာလော့'

ရဟန်းလောင်း ပဉ္စင်းလောင်းဖြစ်သည့် ရှင်သောပါက သည် လက်အုပ်ချီမိုး ရှိခိုးပြီး သံဃာတော်များရဲ့အလယ် သို့ ဝင်ရောက်လာပါသည်။ ဦးသုံးကြိမ် ချစေပြီးနောက် သူ့သဘောဆိုရန် လျှောက်ထားပါလို့ အနုသာသကာ ဖြစ် သည့် စာချရေးသူက ပြောဆိုလိုက်ပါသည်၊ ရှင်သောပါက သည် အောက်ပါအတိုင်း လျှောက်ထားပါသည်။

## တောင်းပန်ခြင်း

'သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပ တု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

(ဒုတိယမ္ပိ+တတိယမ္ပိ)

'ယခုမျက်မှောက် ကြွရောက်၍လာ သံဃာတော် အရှင် မြတ်ဘို့ဘုရား၊ ဘုရားတပည့်တော်သည် အရှင်ဘုရားတို့

အား ရှင်ဘဝမှလူတ်မြောက် ရဟန်းဘဝသို့ ရောက်အောင် ပို့ဆောင်တော်မူပါရန် တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ် ရိုကျိုး ရှိခိုးလျှောက်ထားပါသည် ဘုရား။

'အရှင်ဘုရားတို့သည် အကုသိုလ်အမြေးအညစ်အကြေး တို့နှင့် ရှုပ်ထွေးနေငြား တပည့်ဘော်အား သနားသမှု အစဉ်ပြုလျက် ဖြူစင်လှစွာ ကုသိုလ်အရာ၌ တည်အောင် ချီးမြှောက်တော်မူပါဘုရား။

'အရှင်ဘုရားတို့သည် တပည့်တော်အား သနားသမှု အစဉ်ပြုလျက် သံသရာကြီးသက်မှ ထုတ်နုတ် ကယ်တင်၍ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းသို့ ရောက်အောင် ပို့ဆောင်တော်မူပါဘုရား'

## မေးမြန်းဝိစစ်ပါရစေဦး

ရဟန်းလောင်း ရှင်သောပါကသည် သံဃာတော်များ အား အထက်ပါအတိုင်း လျှောက်ထားပြီးနောက် အနု သာသကဖြစ်သော စာရေးသူက အောက်ပါအတိုင်း စိစစ် မေးမြန်းခဲ့ရပါသည်။ မေးမြန်းခွင့် ပြုပါရန် သံဃာတော် များအားလည်း လျှောက်ထားခဲ့ပါသည်။

'သုဏာတု မေ ဘန္တေ သံဃော အယံ သောပါကော အာယသ္မတော [illegible] ဥပသမ္ပဒါပေက္ခော။ ယဒိ သံဃဿ ပတ္တကလ္လံ အဟံ သောပါကံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

'အရှင်ဘုရားတို့၊ သံဃာတော်သည် တပည့်တော်၏ စကားကို နာတော်မူလော့၊ ရဟန်းလောင်း ရှင်သောပါကသည် အရှင်တိဿကို အကြောင်းပြု၍ ရဟန်းပဉ္စင်း ဖြစ်လိုပါသည်။ အကယ်၍ သံဃာတော်အား လျောက်ပတ်သောအခါ ရှိသောကသည် ဖြစ်ငြားအံ့၊ တပည့်တော်သည် ရဟန်းလောင်း, ပဉ္စင်းလောင်း ရှင်သောပါကအား အန္တရာယ်ကို ပြုတတ်သော သဘောတို့ကို မေးပါအံ့'

သံဃာတော်များသည် သဘောတူကြသဖြင့် ဝိနည်းဓမ္မကံအရ တိတ်ဆိတ်ငြိမ်သက်စွာ နေတော်မူကြသည်။ ထို့ကြောင့် အနုသာသကဖြစ်သည့် စာရေးသူက ရဟန်းလောင်း, ပဉ္စင်းလောင်းအား ဆက်လက် မေးမြန်း စိစစ်ပါတော့သည်။

အနုသာသက။ ။'ငါ့ရှင် ရဟန်းလောင်း၊ အနာကြီး ငါးမျိုးရှိနေပါသလား'

ရဟန်းလောင်း။ ။'မရှိပါအရှင်ဘုရား'

အနု။ ။'လူသားစစ်စစ်ကော ဟုတ်ကဲ့လား'

လောင်း။ ။'ဟုတ်ပါတယ် အရှင်ဘုရား'

အနု။ ။'ယောကျ်ား စစ် စစ် ကော ဟုတ် ကဲ့ လား'

လောင်း။ ။'ဟုတ်ပါတယ် အရှင်ဘုရား'

အနု။ ။'သူတစ်ပါးရဲ့ ကျေးကျွန်ခကော ဖြစ်နေသလား'

လောင်း။ ။'မဖြစ်ပါ အရှင်ဘုရား'

အနု။ ။'သူတစ်ပါးတို့ရဲ့ ကြွေးမြီမှကော ကင်းရဲ့လား'

လောင်း။ ။'ကင်းပါတယ် အရှင်ဘုရား'

အနု။ ။'မင်းမှုထမ်း လခစားယောကျ်ားများ ဖြစ်နေသလား'

လောင်း။ ။'မဖြစ်ပါ အရှင်ဘုရား'

အနု။ ။'မိဘတို့ကကော ခွင့်ပြုကြပါရဲ့လား'

လောင်း။ ။'ခွင့်ပြုကြပါတယ် အရှင်ဘုရား'

အနု။ ။'အသက် (၂၀) ကော ပြည့်ရဲ့လား'

လောင်း။ ။'ပြည့်ပါတယ် အရှင်ဘုရား'

အနု။ ။'သပိတ်တစ်လုံး၊ သင်္ကန်း သုံး ထည်ကော ပြည့်စုံရဲ့လား'

လောင်း။ ။'ပြည့်စုံပါတယ် အရှင်ဘုရား'

အနု။ ။'ဉပဇ္ဈာယ်ဆရာရဲ့အမည် ဘယ်လိုခေါ်ပါသလဲ'

လောင်း။ ။'အရှင်တိဿလို့ ခေါ်ပါတယ် အရှင်ဘုရား'

အနု။ ။'ငါ့ရှင်ရဟန်းလောင်း ပဥ္စင်းလောင်းရဲ့ အမည်ကိုကော ဘယ် လို ခေါ် ပါသလဲ'

လောင်း။ ။'လောသပါလလို့ ခေါ်ပါတယ် အရှင်ဘုရား'

ကမ္မဝါစာဆရာများ

စာရေးသူသည် သံဃာတော်များ၏ စေခိုင်းတိုက်တွန်းချက်ဖြင့် ရဟန်းလောင်း, ပဥ္စင်းလောင်းဖြစ်သူ ရှင်သောပါလအား မေးမြန်းစိစစ်ပြီးခဲ့ပါပြီ ကမ္မဝါစာဖတ်တော်မူကြမည့် သံဃာတော်များထံသို့ ကမ္မဝါစာခေါင်းများကို အသီးအသီး ဆက်ကပ်ခဲ့ပါသည်။ ပထမအကြိမ် ကမ္မဝါစာဖတ်ရာ၌ ဥပဇ္ဈာယ်ဆရာတော် ဖြစ်သည့် ဓမ္မကထိကဆရာတော် ဦးဉာဏိန္ဒကိုယ်တော်တိုင်ပင် ဖတ်တော်မူခဲ့ပါသည်။

ပထမအကြိမ် ကမ္မဝါစာ ဆရာတော်များမှာ

(၁) ဓမ္မကထိက ဒိုက် ဦး ကျောင်း ဆ ရာ တော် ဦးဉာဏိန္ဒ (ရန်ကုန်

၂ ဓမ္မကထိက အောင်ဇေယျကျောင်းဆရာတော် ဦးသြဘာသ (ရန်ကုန်)

(၃) ရတနာသိမ်ကျောင်းဆရာတော် ဦးတေဇိန္ဒ (ရန်ကုန်) တို့ဖြစ်ကြပါသည်။

ဒုတိယအကြိမ် ကမ္မဝါစာ ဆရာတော်များမှာ....

(၁) မော်လမြိုင်ကျွန်းမြို့နယ် သပြေဦး ကျောင်း ဆရာတော်ဦးနေမိန္ဒ

(၂) ပန်းတနော်မြို့ မြတောင်ဆရာတော်ဦးဝိမလာနန္ဒ

(၃) မြတောင်စာချ- အရှင်ကုမာရတို့ ဖြစ်ကြပါသည်။

တတိယအကြိမ် ကမ္မဝါစာ ဆရာတော်များမှာ

(၁) မြတောင်စာချ-အရှင်အာစာရ

(၂) မြတောင်စာချ- အရှင်စန္ဒောဘာသ

(၃) မြတောင်စာချ- အရှင်ပညာတိတို့ ဖြစ်ပါသည်။

ကမ္မဝါစာ

ဆရာတော်များ ဖတ်ကြားတော်မူခဲ့သော ကမ္မဝါစာ ကား ဤသို့ဖြစ်ပါသည်။

'သုဏာတု မေ ဘန္တေ သံဃော၊ အယံ သောပါကော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တ စီဝရံ၊ သောပါကော သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သောပါကံ ဥပသမ္ပာဒေယျ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန သော ဉတ္တိ။

(ဉတ်ပါဠိ ဖြစ်သည်)

သုဏာတု မေ ဘန္တေ သံဃော၊ အယံ သောပါကော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ သောပါကော သံဃံ ဥပသမ္ပဒံ ယာစတိ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော သောပါကံ ဥပသမ္ပာဒေတိ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ ယဿနက္ခမတိ၊ သော ဘာသေယျ။

(ဒုတိယမ္ပိ + တတိယမ္ပိ)

(ကမ္မဝါစာပါဠိ ဖြစ်သည်)

ဥပသမ္ပန္နော သံဃေန အာယသ္မတာ တိဿေန ဥပဇ္ဈာယေန ခမတိ၊ သံဃဿ၊ တသ္မာ တုဏှီ ဧဝ မေတံ ဓာရယာမိ။

(နိဂုံးပါဠိဖြစ်သည်)

ကမ္မဝါစာ၏ မြန်မာပြန်ကိုလည်း အများ နားလည် သိရှိကြရပြီး ကြည်ညိုနိုင်ကြစေရန် အောက်ပါအတိုင်း ဖော်ပြပါသည်။

မြန်မာပြန်

'အရှင်ဘုရားတို့၊ သံဃာတော်သည် တပည့်တော်၏ စကားကို နာတော်မူလော့၊ ရဟန်းလောင်း, ပဉ္စင်းလောင်း သောပါကသည် အရှင်တိဿကို အကြောင်းပြု၍ ရဟန်း,ပဉ္စင်း ဖြစ်လိုပါသည်။ အန္တရာယ်ကို ပြုတတ်သော

သဘောတရားတို့မှ စင်ကြယ်ပါ၏။ ရဟန်းလောင်း, ပဉ္စင်းလောင်းအား သပိတ်, သင်္ကန်း ပြည့်စုံပါသည်။ ရဟန်းလောင်း, ပဉ္စင်းလောင်းသည် သံဃာတော်အား ရဟန်း,ပဉ္စင်းအဖြစ်ကို အရှင်တိဿ အမည်ရှိတော်မူသည့် ဥပဇ္ဈာယ်ဆရာတော်ဖြင့် တောင်း၏။ အကယ်၍ သံဃာတော်အား လျောက်ပတ်သောအခါ ရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာတော်သည် ရဟန်းလောင်း, ပဉ္စင်းလောင်း သောပါကကို အရှင်တိဿ အမည်ရှိတော်မူသည့် ဥပဇ္ဈာယ်ဆရာတော်ဖြင့် ရဟန်း, ပဉ္စင်းခံရာ၏။ ဤကား သိစေခြင်းပါတည်း။

'အရှင်ဘုရားတို့၊ (ပ)လော့၊ ရဟန်းလောင်း, ပဉ္စင်းလောင်း ရှင်သောပါကသည် (ပ) ရဟန်း, ပဉ္စင်းဖြစ်လိုပါသည်။ အန္တရာယ်ကို ပြုတတ်သောသဘော တရားတို့မှ စင်ကြယ်ပါ၏။ ထိုရဟန်းလောင်း, ပဉ္စင်းလောင်းအား သပိတ်, သင်္ကန်းနှင့် ပြည့်စုံ၏။ ရဟန်းလောင်း, ပဉ္စင်းလောင်း ရှင်သောပါကသည် သံဃာတော်အား ရဟန်း, ပဉ္စင်းအဖြစ်ကို အရှင်တိဿ အမည်ရှိသော ဆရာဖြင့် တောင်းပါသည်။ သံဃာတော်သည် ရဟန်းလောင်း, ပဉ္စင်းလောင်း ရှင်သောပါကကို အရှင်တိဿအမည်ရှိသော ဥပဇ္ဈာယ်ဆရာဖြင့် ရဟန်း, ပဉ္စင်းဖြစ်ခြင်းကို အကြင်အရှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အရှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏။

(ဒုတိယမ္ပိ+တတိယမ္ပိ- နှစ်ကြိမ်, သုံးကြိမ် မြောက်လည်း ထို့အတူ ဆိုရပါသည်။)

'သံဃာတော်သည် ရဟန်းလောင်း, ပဉ္စင်းလောင်း ရှင်သောပါကကို အရှင်တိဿအမည်ရှိ ဥပဇ္ဈာယ်ဆရာဖြင့် ရဟန်း, ပဉ္စင်းခံပေးအပ်ပါပြီ၊ သံဃာတော်အား နှစ်သက်ခြင်း ရှိပါ၏။ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်'

ရှင်သောပါကသည် ကမ္မဝါစာ သုံးကြိမ် ဆုံးပြီး 'သော ဘာဒေသယျမှာ' 'ယျ'အက္ခရာလဲရောက်ရော ရဟန်း ပဉ္စင်းရဲ့အဖြစ်သို့ ရောက်သွားပါတော့သည်။

ဒုတိယအကြိမ်, တတိယအကြိမ် သံဃာတော်များ ယပ်ပြီး ဖတ်ခြင်းကတော့ ပထမအကြိမ် ဖတ်ကြတဲ့ ဆရာတော်များ ချို့ယွင်းချက်ရှိတယ်ဆိုရင် ရဟန်း, ပဉ္စင်း မဖြစ်မှာစိုးတဲ့အတွက် ဖတ်ရခြင်းပါပဲ၊ ဆရာတော်များကို စော်ကားလိုတဲ့အတွက် ဖတ်ခြင်း မဟုတ်ပါဘူး၊ ရှေးဆရာတော်ကြီးများရဲ့အလိုကျ ဖတ်ခြင်း ဖြစ်ပါသည်။

သုဏာတု မေ (ပ) သော ဥတ္တိ လို့ ဆိုတဲ့ စကားဟာ ဥတ္တိကထာ ဥတ်စကားဖြစ်ပါတယ်၊ အဓိပ္ပာယ်ကတော့ သိစေတဲ့စကားပဲ ဖြစ်ပါတယ်၊ အခုခေတ်စကားနဲ့ ပြောရမယ်ဆိုရင်တော့ အဆိုပြု/ တင်သွင်းလွှာပဲ ဖြစ်ပါတယ်။

နောက်–သုဘာတု မေ (ပ) ဘာမေသယျ။ ဒုတိယမ္ပိ+ တတိယမ္ပိ–လို့ ဆိုတဲ့ စကားကတော့ ရဟန်း, ပဉ္စင်းဖြစ် အောင် ဝိုင်းပြီး ဟညီတညွတ်တည်း ဆောင်ရွက်နေကြ ခြင်းပဲဖြစ်ပါတယ်၊ အခုခေတ်စကားနဲ့ ပြောရမယ်ဆိုရင် တော့ အဆိုပြု/တင်သွင်းလွှာကို သံဃာတော်များအားလုံး က တညီတညွတ်တည်း စုဝေးပြီး လက်ခံလိုက်ကြခြင်းပဲ ဖြစ်ပါတယ်။

'နောက် ဥပသမ္ပန္နော (ပ) ဓာရယာမိ–လို့ ဆိုတဲ့ စကားကတော့ နိဂုံးစကားပဲဖြစ်ပါတယ်၊ အဓိပ္ပာယ်က တော့ ရဟန်းခံခြင်း, ပဉ္စင်းခံခြင်းကိစ္စ ပြီးတာကို ဝိုင်းပြီး အတည်ပြုလိုက်ကြခြင်းပဲ ဖြစ်ပါတယ်၊ ရဟန်း, ပဉ္စင်း အဖြစ်ကို တောင့်တတဲ့ ရှင်ဆောပါကဟာ ရဟန်း, ပဉ္စင်း ဖြစ်သွားပြီလို့ တညီတညွတ်တည်း အတည်ပြုလိုက်ကြခြင်း ပဲ ဖြစ်ပါတယ်'

## သနားဝင် စာတမ်း

ဦးသောပါက၏ ရဟန်းဖြစ်ကြောင်း စာတမ်းကို မြတောင်စာချ အရှင်အာစာရက ရေးသားတော်မူခဲ့ပါ သည်၊ သူ၏မှတ်တမ်းမှတ်ရာများကို ဥပဇ္ဈာယ်ဆရာတော် ၏ စေခိုင်းချက်ဖြင့် အောက်ပါအတိုင်း ဖတ်ကြားပြသနေ ပါသည်–

'ဘုန်းတော်အနန္တ, ဉာဏ်တော်အနန္တ, ကံတော် အနန္တ, တန်ခိုးတော် အနန္တတို့နှင့် ပြည့်ဝဉဿုံ

ကမ္ဘာခြုံ၍ သုံးဘုံလောက တုမရသား လူ့ဘ
ထွတ်ထား မြတ်စွာဘုရား၏ တည်ထားမိန့်မှာ
သာသနာတော်တွင် ကျော်ကာကုန်လစ် အတိတ်
နှစ်ကား(၂၅၃၅)နှစ်၊ကြွင်းလစ်သချာ အနာဂတ်
သာသနာနှစ် (၂၄၆၅) နှစ်၊ မှတ်လစ်မချို့
လူတို့ဝေါဟာ ကောဇာရောက်လစ် သက္ကရာဇ်
ကား (၁၃၅၃)ခုနှစ်၊ ဥတုဂိမှန္တ တန်ခူးလဆန်း
(၅)ရက် အင်္ဂါနေ့နံနက် (၉) နာရီ (၉) မိနစ်
အချိန်တွင် ပန်းတနော်မြို့ မြတောင်စာသင်တိုက်
'သာသန ဝေပုလ္လကာရီ' သိမ်တော်မြတ်၌
ရန်ကုန်မြို့ ဟံသာဝတီ ဒိုက်ဦးကျောင်း ဓမ္မကထိက
ဆရာတော် ဦးဉာဏိန္ဒအား ဥပဇ္ဈာယ်ပြုတော်မူ၍
မြတောင်စာချ အရှင်ကုမာရက အနုသာသက
ပြုတော်မူကာ ကမ္မဝါစာ ဆရာတော် ကာရက
သံဃာတော် အရှင်မြတ်များက ချီးမြှောက်တော်မူ
ကြသဖြင့် ယုတ်နိမ့်သော သာမဏေအဖြစ်မှ မြင့်
မြတ်သော ရဟန်း ပဉ္စင်းအဖြစ်သို့ ရောက်သော
(ဦးသောပါက၏) ရဟန်းဖြစ်ကြောင်း စာတမ်း
တည်း။

(ကမ္မဝါစာ ဆရာတော်များ၏ ဘွဲ့တော်နှင့် ကျောင်းတိုက်များကို သီးသန့်ရေးသားထားပါ၊ ကာရကသံဃာတော်များ၏ စာရင်းအကျဉ်းချုပ်ကိုလည်း မှတ်တမ်းရေးထားပါ။

ဦးသောပါကအား ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်တော်မူကြသော ဆရာတော်များ၏ အမည်စာရင်းကိုလည်း သီးသန့်ဖော်ပြပြီး ဖြစ်ပါသည်။ ကာရက သံဃာတော်များ၏ စာရင်းအချုပ်မှာ (၃၅)ပါး ဖြစ်ပါသည်။

## မိုရာကြီး လေးပါး

ဦးသောပါက ရဟန်း ပဉ္စင်း၏အဖြစ်သို့ ရောက်ရှိပြီးနောက် ဥပဇ္ဈာယ်ဆရာတော်က ဦးသောပါကအား ဤသို့ မိန့်ကြားတော်မူနေပါသည်။

'ပိဏ္ဍိယလောပ ဘောဇနံ-အစရှိသည်ဖြင့် ဘုရားရှင် ခွင့်ပြုတော် မူထားခဲ့တဲ့အတွက် ငါ့ရှင် ရဟန်းသစ်ဟာ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းကို အရင်းပြုပြီး အိမ်စေ့လျှောက်ကာ ဆွမ်းခံစားရမယ်၊ တကယ်လို့ ရှေးရှေးအခါက အလှူဒါန ကျင့်သီလရှိ ဘုန်းကံအဟုန် ရှိတဲ့အတွက် လာဘ်လာဘ ပေါများတယ်ဆိုရင်တော့လဲ သံဃာ့ဘတ်, ပင့်ဖိတ်ထားတဲ့ဘတ်, စာရေးတံဘတ်, ပက္ခဘတ်, ဥပုသ်အထွက်နေ့မှာ လှူအပ်တဲ့ဘတ်တို့ကိုလဲ သုံးဆောင်နိုင်ပါတယ်။

'နောက်တစ်ခုကတော့ ရဟန်း သင်ဟာ မြေမှုန့်အလိမ်းလိမ်းတက်တဲ့ ပံ့သုကူသင်္ကန်းကို ဝတ်ရုံသုံးစွဲရမယ်၊ တကယ်လို့ ဘုန်းကံ ကြီးမားတယ် ဆိုရင်တော့လဲ ပိုး,

ဖွဲ့၊ ကတ္တီပါ၊ တက်သရွှန်၊ ဖော့ အစရှိတဲ့ သင်္ကန်းများကို လဲပဲ ဝတ်ရုံသုံးစွဲနိုင်ပါတယ်။

'နောက်တစ်ခုကတော့– ရဟန်း သင်ဟာ သစ်ပင် ရင်း၊ ဝါးပင်အောက်မှာ နေရမယ်၊ တကယ်လို့ ဘုန်း ကံကြီးမားတယ် ဆိုရင်တော့လဲ အမိုးနှစ်ဖက်မိုးတဲ့ကျောင်း ဂဠုန်တောင်လို အမိုး တစ်ဖက် သာ မိုးတဲ့ ကျောင်း၊ ပြာသာဒ်၊ ဥမင်လိုဏ်ဂူများမှာလဲ နေထိုင် ကောင်းပါ တယ်။

'နောက်တစ်ခုကတော့- ရဟန်း သင်ဟာ နွားကျင်ငယ် ဖြင့် ထုံအပ်တဲ့ ဆီးဖြူ၊ သျှိသျှား၊ သဖန်းခါးစတဲ့ ဆေးကို မှီဝဲရမယ်၊ တကယ်လို့ ဘုန်းကံကြီးမားတယ် ဆိုရင်တော့ လဲ အခုခေတ်ပေါ်နေတဲ့ဆေးမျိုးစုံတွေကို မှီဝဲစားသောက် ကောင်းပါတယ်။

'အခု ပြောပြပြီးခဲ့တာတွေကတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလို့ ဆိုတဲ့ ပစ္စည်းလေးပါးပဲ ဖြစ်ပါတယ်၊ ရဟန်းတော်များ မှီဝဲရမယ့် ပစ္စည်းလေးမျိုး ဖြစ်ပါတယ်၊ မှီရာကြီး လေးပါးရယ်လို့လဲ ခေါ်ပါသေးတယ်၊ အဲဒီ ပစ္စည်းလေးမျိုးကို ငါ့ရှင် ရဟန်းသစ်ဟာ မှီဝဲပါ့မလ'

'အာမ ဘန္တေ–မှီဝဲပါ့မယ် ဘုရား'

မမှီဝဲ ကောင်း

ဥပဇ္ဈာယ် ဆရာတော်သည် ရဟန်းသစ် ပဉ္စင်းသစ် ဦးသော်ပါကအား ရဟန်းပဉ္စင်းရဲ့အဖြစ်သို့ ရောက်ကြပြီ

ဆိုလျှင် ရှောင်ကြဉ်ရမယ့် မမှီဝဲကောင်းသည့် အချက်ကြီး လေးချက်ဘို့ကိုလည်း အောက်ပါအတိုင်း မိန့်ကြားတော်မူနေပါသည်။

'ဥပသမ္ပန္နော ဘိက္ခုနော မေထုနော ဓမ္မော န ပဋိသေဝိတဗ္ဗော– အပဉ္စချီလျက် သုံးလူထွက်ထား ရှင်တော်မြတ်ဘုရားက အခိုန့်တော်မြတ် သတ်မှတ်ထားတော်မူခဲ့လေသောကြောင့် ဖြူစင်ကောင်းလှ ရှုဟန်းဘဝသို့ ရောက်ပြီးတဲ့ သင် ရှုဟန်းသစ်ဟာ မေထုန်သမုတ် အကျင့်ယုတ်ကို မမှီဝဲကောင်းဘူး၊ ယုတ်စွာအဆုံး တိရစ္ဆာန်မကိုတောင် မေထုန်မမှီဝဲပါနဲ့၊ တကယ်လို့အကြောင်း ပြုလုပ်ခဲ့မိရင်တော့ မြတ်စွာဘုရားရဲ့ သားတော်အစစ် ရှုဟန်းတော် ဖြစ်တော့ပါဘူး၊ ဥပမာနှင့် ပြောရမယ်ဆိုရင်တော့ ဦးခေါင်းပြတ်သွားတဲ့ ယောကျ်ားဟာ ဦးခေါင်းနှင့်ကိုယ် ပြန်ဆက်သော်လည်း အသက်မရှင် ခန္ဓာပင်ချို့ယွင်းသလိုပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သင်ရှုဟန်း ပဉ္စင်းသစ်ဟာ မေထုန်အကျင့်ကို ရှောင်ကြဉ်ပါ'

'အာမဘန္တေ– ဘုရားတပည့်တော် မေထုန် မမှီဝဲပါဘုရား'

'နောက်တစ်ခုကတော့ သူတစ်ပါးတို့ ကိုယ်နှုတ်ဖြင့်မပေးတဲ့ သူတစ်ပါးတို့ရဲ့ ပစ္စည်းဥစ္စာကို ခိုးလိုတဲ့စိတ်နှင့် မယူကြရပါဘူး၊ အယုတ်ဆုံးအားဖြင့် မျက်ဝါးခြမ်းစိပ်ကိုမျှ ခိုးလိုတဲ့စိတ်နှင့်မယူကြရပါဘူး၊ ခိုးယူခဲ့မိတယ်ဆိုရင်

တော့ အဲဒီရဟန်းဟာ ဘုရားသားတော် ရဟန်းတော် မဖြစ်တော့ပါဘူး၊ ဥပမာအားဖြင့်တော့ အညှာပြတ်ကျ မြေသို့ခတဲ့ သစ်ရွက်ဝါဟာ ပြန်တပ်ထားသော်လဲ စိမ်းလန်း စိုပြည် ပင်ကိုအတိုင်း ဖြစ်ရန် အမှန်မုချ မရနိုင်တော့ပါဘူး၊ အဲဒီ ဥပမာလိုပဲ သူတစ်ပါးတို့ရဲ့ ပစ္စည်းဥစ္စာကို တစ်မတ်,တစ်မဘ် ထိုက်တန်တဲ့ ပစ္စည်းဥစ္စာကစပြီး မခိုးယူရပါဘူး၊ ခိုးယူမိပါက ဘုရားသားတော် ရဟန်းတော် မဟုတ်တော့ပါဘူး၊ ပါရာဇိက ကျသွားပြီပေါ့၊ ပါရာဇိက ကျတယ်ဆိုတာ ရဟန်းအဖြစ် ဒီတစ်သက်မှာ မရတော့ဘူးလို့ ဆိုတာပါပဲ၊ ဒါ့ကြောင့် ငါ့ရှင်ရဟန်းသစ်ဟာ သူတစ်ပါးတို့ရဲ့ ပစ္စည်းဥစ္စာတို့ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါလေ'

'အာမဘန္တေ- ရှောင်ကြဉ်ပါ့မယ် အရှင်ဘုရား'

'နောက်တစ်ခု ရှိပါသေးတယ်၊ ရဟန်းအဖြစ် ရောက်သွားပြီဆိုရင် လူဇာတ်ရှိတဲ့သူကို မ...ရပါဘူး၊ ယုတ်စွာ့အဆုံး ကိုယ်ဝန်ကျဆေးကိုတောင်မှ မပေးရပါဘူး၊ သတ်ခဲ့မိပြီဆိုရင်တော့ အဲဒီရဟန်းဟာ ရဟန်းမဖြစ်တော့ပါဘူး၊ ဒီတစ်သက်မှာတော့ ရဟန်းဖြစ်ခြင်းရဲ့ ရလဒ်တွေ အကုန်ဆုံးရှုံးသွားပြီဖြစ်ပါတယ်၊ ဒါကိုပဲ ပါရာဇိကကျတယ်လို့ ဆိုခြင်းဖြစ်ပါတယ်၊ ဥပမာအားဖြင့် ပြောရမယ် ဆိုရင်တော့ နှစ်ဖြာကွဲသွားတဲ့ ကျောက်ဖျာကြီးဟာ တစ်ဖန် ပြန်လည်ဆက်စပ်ပေးသော်လဲပဲ ဆက်စပ်လို့ မရတော့ပါ

ဘူး၊ အဲဒီဥပမာလိုပဲ လူဇာတ်ရှိတဲ့ သူတွေကို သတ်မိပြီ ဆိုရင် ဘုရားသားတော် ရဟန်းတော် မဟုတ်တော့ပါ ဘူး၊ ဒါ့ကြောင့် လူဇာတ်ရှိတဲ့ သူတွေကို မသတ်ပါနဲ့၊ ယုတ်စွအဆုံး ကိုယ်ဝန်ကျအောင်ကိုတောင်မှ မပေးပါနဲ့၊ နောက်ဆုံးတော့ ပိုးရွ,ခြပုန်းကိုတောင်မှ မသတ်ပါနဲ့၊ ပိုးရွ,ခြပုန်းစတဲ့ သတ္တဝါတွေကို သတ်မိရင်တော့ ပါရာ ဇိကမကျပါဘူး၊ ပါစိတ်အာပတ်သာ သင့်ပါတယ်၊ ငါ့ရှင်ရဟန်းသစ် ရှောင်ကြဉ်ပါလေ’

‘အာမ ဘန္တေ–ဘုရားတပည့်တော် ရှောင်ကြဉ်ပါ့မယ် ဘုရား’

‘နောက်တစ်ခုကတော့ ယုတ်မာတဲ့စိတ်နှင့် ဈာန်တရား, ဝိမောက္ခတရား, မဂ်တရား, ဖိုလ်တရားတို့ကို ငါရတယ်လို့ မပြောပါနဲ့’ ယုတ်စွအဆုံး ငါဟာ လူသူမနီးတဲ့ တော ကြီးထဲမှာ နေရတာ, ဂူထဲမှာနေရတာ ပျော်မွေ့ပါတယ် လို့တောင် မပြောပါနဲ့တဲ့၊ ဥပမာအားဖြင့် ပြောရမယ် ဆိုရင် လည်ဆစ်ပြတ်ပြီးတဲ့ ထန်းပင်ဟာ တစ်ဖန်ပြန်ပြီး ရှက်သစ်ထွက်ကာ စိမ်းလန်းစိုပြည်ခြင်း မရှိနိုင်တော့သလိုပဲ ဖြစ်မှာမို့ ယုတ်မာတဲ့ စိတ်အလိုဆိုးနှင့် ဈာန်တရား, ဝိမောက္ခတရား, မဂ်တရား, ဖိုလ်တရားတို့ကို ငါရတယ်လို့ မပြောပါနဲ့၊ အသက်နှင့်ကိုယ်မှာ ရဟန်းသိက္ခာ တည်ရှိ သမျှ ကာလပတ်လုံး ရှောင်ကြဉ်ပါလေ’

‘အာမဘန္တေ– ရှောင်ကြဉ်ပါ့မယ် အရှင်ဘုရား’

## အချင်းချင်း တောင်းပန်

ဥပဇ္ဈာယ်ဆရာတော်သည် ရဟန်းပဉ္စင်းသစ် ဦးသောပါက (စမ္မာစရိယ) အား သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ မှီဝဲရမည့် မှီရာကြီးလေးပါး၊ မမှီဝဲရသည့်, ရှောင်ကြဉ်ရမည့် အရာလေးပါးတို့ကို အကျယ်တဝင့် မိန့်ကြားတော်မူပြီးနောက် ဥပဇ္ဈာယ်ဆရာတော်, အနုသာသကဆရာတော်, ကမ္မဝါစာဆရာတော်, ကာရကသံဃာတော်များနှင့် ရဟန်းသစ်တို့ အချင်းချင်း ပြုလုပ်ကြရမည့် ဝတ်ကြီး, ဝတ်ငယ်များရှိနေကြပါသည်၊ ယင်းဝတ်ကြီးဝတ်ငယ်များ မပြုလုပ်မိလျှင် အာပတ် သင့်ရောက်ကြပါသည်။ ယင်းအာပတ်သင့်ခြင်းမှ ကြိုတင်ကာကွယ်သည့် အနေဖြင့် အချင်းချင်း ဤသို့ လျှောက်ထားကြရပါသည်။

'ဥပဇ္ဈာယ်ဆရာ, အနုသာသကဆရာ, ကမ္မဝါဆရာ, ကာရကသံဃာတော် အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်သည် အရှင်ဘုရားတို့အပေါ်၌ ပြုလုပ်ရမည့် တာဝန်ဝတ္တရားများ ရှိပါသည်ဘုရား။ ထိုတာဝန်ဝတ္တရားများ ပျက်ကွက်ခဲ့သော် တပည့်တော်အား သနားသောအားဖြင့် ခွင့်လွှတ်တော်မူပါ အရှင်မြတ်တို့ဘုရား။

'အရှင်ဘုရားတို့ကလဲ တပည့်တော်၏အပေါ်၌ ပြုလုပ်ကြရမည့် တာဝန်ဝတ္တရားများလဲ အမှန်အကယ် ရှိပါသည်ဘုရား၊ ထိုတာဝန်ဝတ္တရားများကို ပြုလုပ်တော်မမူဘဲ ချမ်းသာစွာ နေတော်မူကြပါ အရှင်မြတ်တို့ဘုရား'

သိမ်တွင်း၌ ရဟန်းတော်များအချင်းချင်း ခွင့်လွှတ်စကား သျှောက်တား ပြောဆိုကြပြီးနောက် စာရေးသူကပင် မြတောင်စာချ အရှင်အာစာရအား သိမ်ဆင်းလောင်းလှူကြမည့် ပုဂ္ဂိုလ်များအား အကြောင်းကြား စီစဉ်ခိုင်းလိုက်ပါသည်။

## သိမ်ဆင်းလောင်းကြပုံ

မြတောင် စာချ- အရှင်အာစာရသည် သိမ်ဆင်းလောင်းလှူကြမည့် ဒကာ,ဒကာမများအား နေရာတကျဖြစ်အောင် စီစဉ်ပေးနေပါသည်၊ သိမ်ဆင်းလောင်းလှူသည်ကို ခံယူကြမည့် ကျောင်းသားကလေးများလည်း သပိတ်ကိုယ်စီဖြင့် အဆင်သင့် ဖြစ်နေကြပေပြီ။ အရှင်အာစာရ၏ စီစဉ်မှုဖြင့် ရဟန်းတော်များအားလုံး သိမ်ဆင်းခဲ့ကြပါသည်၊ ရှေးဦးစွာ ရဟန်းသစ် ဦးသောပါကကြွပါသည်၊ဦးသောပါက၏ဘေးက သူ၏ရဟန်းဒါယကာ မောင်ချိန်ဟန်က သပိတ်ပိုက်၍ လိုက်ခဲ့ပါသည်၊ မောင်ချိန်ဟန်၏ ပိတ်ဆွေနှစ်ဦးက ရဟန်းသစ်အား ရွှေထီးမိုးလျက် လိုက်ပါလာကြပါသည်။

ရဟန်းသစ်၏ နောက်က သံဃာတော်များ ထေရ်စဉ်ပါလိုက် ကြရောက်လာကြပါသည်၊ သိမ်ဆင်းလောင်းလှူကြသော ဧကာနာရှင်များမှာလည်း အားရဝမ်းသာ ဖြစ်နေကြသည်၊ အချို့အမျိုးသမီးကြီးများက လောင်းကြ-လောင်းကြ၊ သိမ်ဆင်းလောင်းလှူရတယ်ဆိုတာ အခွင့်တန်မှန်မြတ်တယ်၊ ရဟန်းသာကို လှူဒါန်းရသလိုပဲ' ဟူ၍လည်း

အချင်းချင်း ပြောဆိုနေကြပါသည်၊ ရဟန်းသစ်များသည် ရဟန်းဖြစ်ကာစ၌ အာပတ်များ ကင်းစင်ပြီးနေတဲ့အတွက် ရဟန္တာတမျှလို စင်ကြယ်နေကြပါသည်၊ သို့သော် သိမ် ဆင်းလောင်းလှူကြသူများသည် ဝတ္ထုငွေများကို လောင်း လှူတတ်ကြပါသည်၊ ဝတ္ထုငွေများကို မလောင်းလှူမိအောင် သတိထားကြရမည်သာ ဖြစ်ပါသည်၊ စာရေးသူတို့ ကျောင်းတိုက်၌ သိမ်ဆင်းအလှူခံနိုင်ရန် ကျောင်းသားများ စီစဉ်ပေးကြရခြင်းသည် ယင်းအာပတ်သင့်ခြင်းမှ ကာကွယ် ပေးခြင်းပင် ဖြစ်ပါသည်။

အလှူ ဘာရှာ း

ဦးသောပါက၏ ရဟန်းခံပွဲသည် နံနက် (၉) နာရီ (၁၇) မိနစ် အချိန်တွင် ပြီးဆုံးခဲ့လေသည်၊ (၉) နာရီ မိနစ် (၃၀) အချိန်တွင် တရားနာခြင်းကိစ္စကို ဆောင်ရွက် ကြပါသည်၊ ဓမ္မသဘင်ကို သာသနာ့ဗိမာန်အောက်ထပ်၌ ကျင်းပကြပါသည်၊ သံဃာတော်များအားလုံး (၁၂၀) ကျော်တို့သည် တစ်ပါးချင်း, တစ်ပါးချင်း သာသနာ့ ဗိမာန်အောက်ထပ် သံဃာစင်ပေါ်သို့ ကြွရောက်တော်မူ ကြပါသည်၊ သံဃာတော်များ စုံသောအခါ ဥပသကာ ကြီး ဦးလှရွှေက ရတနာသုံးပါးမှစ၍ တင်ပြိုင်နက်တည်း ရှိခိုးဦးချကြရန် နှိုးဆော်တိုက်တွန်းလိုက်ပါသည်၊ တရား နာ ပရိသတ်များအားလုံး တညီတညွတ်တည်း သံပြိုင်ဆို ကြပါသည်၊ ဆရာတော် ဦးဉာဏိန္ဒသည် နိုင်ငံကျော် ဓမ္မကထိကဖြစ်သည်မို့ အဆန်းတကြယ် စကားအသွယ်

သွယ်တို့ဖြင့် ဟောကြား ဆုံးမတော်မူပါသည်၊ ဒေါ်ထင်ကြည်၏ မြေးကလေးများကိုသာ ရှင်ပြုပေးပါသည်၊ ခမ္မကသိက ဆရာတော်သည် ရှင်ပြု ရဟန်းခံ ဖြစ်သဖြင့် ရှင်ပြု ရဟန်းခံတရားတော်ကို တမ်နာကြရာ ဟောကြား တော်မူခဲ့ပါသည်။

'ကံကောင်းသဖြင့် လူအဖြစ်ရခဲ့ကြတယ်၊ လူအဖြစ်ရကြတော့ တန်ဖိုးရှိအောင်လုပ်ကြ၊ တန်ဖိုးရှိအောင် လုပ်ရမယ့် အလုပ်တွေက ဒါနပြု၊ သီလ ဆောက်တည်၊ ဘာဝနာပွားများ၊ အဲဒီ အလုပ်တွေပဲ ဖြစ်ပါတယ်' ဟူသည်ဖြင့် အကျယ် ဟောကြားတော်မူခဲ့ပါသည်။

ရေစက်ချပြီးသောအခါ၌ အတိုး အတွားကွယ်လွန်ပြီးသူများ၏ အမည်တို့ကိုခေါ်၍ အမျှအတန်း ပေးဝေပါသည်၊ (၁၅ ဦးထက်မနည်း ရှိပါသည်၊ အလှူလုပ်သူများသာ် မိမိ၏ကောင်းမှုကုသိုလ် အဖို့ဘာဂတို့ကို ကွယ်လွန်ပြီးကြသူများအား လေးလေးစားစားနှင့် အမည်ခေါ်၍ အမျှအတန်း ပေးဝေမိကြအောင် သတိထားကြရန်သာ ဖြစ်ပါသည်၊ ရေစက်ချကမှ ရေကိုလည်း သန့်ပြန့်သည့် အိုးရွေး၊ သို့မဟုတ် အိပ်ခေါင်းရင်း၌ လှန်လောင်း၍ အမည်ခေါ်ကာ အမျှအတန်း ပေးဝေရမည် ဖြစ်သည်ကို အထူးသတိထားကြရန်လိုအပ်ပါသည်၊ ရှင်းအပြင် အမျှ .. အမျှ အမျှ ယူတော်မူကြပါ' လို့ ဆိုသည့် အမျှဝေစကားကိုလည်း ကျယ်ကျယ်ဆိုသင့်ပါသည်၊ လယ်တီဆရာ

တော်ဘုရားကြီးနှင့် တောင်တန်းဆရာတော်ဘုရားကြီးတို့၏ အဆုံးအမဖြစ်ပါသည်၊ လိုက်နာကြပါလေ။

## ဆွမ်းအုပ်ပွဲ

မြစ်တောင် စာသင်တိုက် သာသနပါလ ဆွမ်းစား ကျောင်း ဘုန်းကြီး ဦး[illegible]က တရားပွဲပြီးသော အခါ ဆွမ်းဝိုင်းများကပ်ရန် အလှူဒကာ, အလှူအမများ အား ခေါ်ခိုင်းလိုက်ပါသည်၊ အလှူအမများသည် ရေစက် ချပြီးသောအခါ ရွှေမိုး,ငွေမိုး ရွာသည့်ပမာ ငွေအကြွေ များ ကြဲချနေကြသဖြင့် အနည်းငယ် စောင့်နေကြရပါ သည်၊ အလှူဒကာ, ဒကာမများ ဆွမ်းစားကျောင်းသို့ ရောက်သောအခါ ဆွမ်းဝိုင်းများကို ဆွမ်းစားကျောင်း ဘုန်းကြီးအား ကပ်လှူနေကြပါသည်၊ ဓာတ်ပုံ ဆရာ ဦးဟင်လှိုင်ကလည်း အသေးစိတ် ရိုက်ကူးနေပါသည်၊ ယင်းဓာတ်ပုံများကို ဂျပန်နိုင်ငံရောက် သူ၏ သားဖြစ်သူ ထံသို့ သူ့သားကိုရင်၏ဓာတ်ပုံနှင့်အတူ ပို့ရန်ဖြစ်သည်ဟု သိရပါသည်။

ဆွမ်းစားကျောင်းဘုန်းကြီးသည် ကြာမိပင် ဆွမ်းစား အုန်းမောင်းခေါက်လိုက်ပါသည်၊ သံဃာတော် (၁၂၀) ကျော်တို့သည် သပိတ်ကိုယ်စီလွယ်လျက် စီတန်းကြရောက် လာကြပါသည်၊ ဆွမ်းစားသောအခါ သပိတ်နှင့်စားကြ သဖြင့် အထူးကြည်ညိုနေကြပါသည်၊ ဟင်းကန်သံ, ဇွန်းသံ, စားသောက်သံများ လုံးဝမြည်ခြင်း မရှိကြသဖြင့် ရောက်

လာကြသူများအားလုံး သဒ္ဓါတိုးပွားမှုများ ဖြစ်ခဲ့ကြရပါသည်။

ရဟန်းဆိုသာ

'ရဟန်း' ဟူ၍ ပြောဆိုကြသော စကားသည် 'အရဟန္တ'ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသောစကားဖြစ်ပါသည်၊ အရဟန္တပုဒ်တွင် အစဖြစ်သည့် 'အ' နှင့် အဆုံးဖြစ်သည့် 'တ'ကို ဖြုတ်ပြီး 'န'တွင် အသတ်တင် ဝစ္စပေါက်နှစ်လုံးထည့်ပြီး 'ရဟန်း' ဟူ၍ ခေါ်ဆိုလာခဲ့ကြခြင်းပင် ဖြစ်ပါသည်၊ အရဟန္တမှ ရဟန္တာ၊ ရဟန္တာမှ ရဟန်းဟူ၍ ခေါ်ဆိုလာကြခြင်းပင် ဖြစ်ပါသည်၊ ကိလေသာ အားလုံးမှ ဝေးကွာသူဟူ၍ အဓိပ္ပာယ်ရပါသည်၊ ယင်းကိုတင်စားသောအားဖြင့် ရဟန်းဟူ၍ ခေါ်ဝေါ်လာခြင်းပင် ဖြစ်ပါသည်။

ရဟန်း၄ မျိုး

ရဟန်းသည် ၄ မျိုးရှိပါသည်၊ ယင်း၄မျိုးကား

(၁) ရာဇာဘိနီတ ပဗ္ဗဇ္ဇ- မင်းတို့နှိပ်စက်သဖြင့် ရဟန်းပြုသော ရဟန်း၊

(၂) စောရာဘိနီတ ပဗ္ဗဇ္ဇ- ခိုးသူ, ဓားပြ, သူပုန်နှိပ်စက်၍ ရဟန်းပြုသော ရဟန်း၊

(၃) ဣဏဋ္ဋ ပဗ္ဗဇ္ဇ- ကြွေးမြီပူသာဖြင့် ရဟန်းပြုသော ရဟန်း၊

(၄) အာဇီဝကတ္တ ပဗ္ဗဇ္ဇ- အသက်မွေးဝမ်းကျောင်းအတွက် ရဟန်းပြုသော ရဟန်း၊

(၅) တေဒတ္တ ပဗ္ဗဇ္ဇာ- သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ရန်အတွက် ရဟန်းပြုသော ရဟန်းတို့ဟူ၍ ဖြစ်ပါသည်။

[မိလိန္ဒပဉှာ၊ ပါ၊ ၃၀]

ယင်း(၅)မျိုးတို့တွင် ဦးဒေသာပါက၏ ရဟန်းပြုခြင်းသည် တေဒတ္တ ပဗ္ဗဇ္ဇာ ရဟန်းမျိုး ဖြစ်ပါသည်။

ရဟန်းအဖြစ်

လောက၌ ဆွေမျိုးတို့၏ ပြည့်စုံခြင်း၊ စည်းစိမ်ဥစ္စာတို့၏ ပြည့်စုံခြင်း၊ ရာထူးဂုဏ်သိန်တို့၏ ပြည့်စုံခြင်း အစရှိသော ပြည့်စုံခြင်းတို့ထက် အမြတ်ဆုံးဖြစ်သည့် ပြည့်စုံခြင်းမျိုးကို ရဟန်းဖြစ်ခြင်းဟု ဆိုပါသည်။

[ဝိမတိ၊ ဋီ၊ ဒု၊ ၉၂]

ယင်းရဟန်း၏ အဖြစ်သည်လည်း -

'ဧဟိ, သရဏ၊ ဩဝါဒ၊ အဋ္ဌဝါစိကူ။
ဉတ္တိ,ပဉှာ၊ ဂရုပါ၊ ရှစ်ဖြာဒုတေန'

ဟူ၍ ဆိုသည့်အတိုင်း (၈)မျိုး ရှိလေသည်။

ဧဟိဘိက္ခု ရဟန်း

မြတ်စွာဘုရားက ရဟန်း... လာလော့၊ တရားကို ကောင်းစွာ ဟောအပ်ပြီ၊ ဝဋ်ဆင်းရဲ၏အဆုံးကိုပြုရန် မြတ်သော အကျင့်ကို ကောင်းစွာကျင့်လော့၊ ဤသို့ မြတ်စွာဘုရား၏ 'ဧဟိ ဘိက္ခု' ဟူသော စကားတော်ဖြင့် ရဟန်းအဖြစ်သို့ ရောက်ခြင်းကို 'ဧဟိ ဘိက္ခုရဟန်း' ဟု ဆိုပါသည်။

## သရဏဂမန ရဟန်း

မြတ်စွာဘုရားပွင့်ကာစ၌ ယခုကာလကဲ့သို့ ကမ္မဝါစာဖြင့် ခွင့်မပြုသေးဘဲ -

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

‘ဤသို့ အစရှိသောနည်းဖြင့် သုံးကြိမ်သုံးခါ စကားမြွက်ဆို၍ သရဏဂုံသုံးပါးဖြင့် ရဟန်းအဖြစ်သို့ ရောက်ခြင်းကို ‘သရဏဂမနရဟန်း’ဟု ဆိုပါသည်။

## ဩဝါဒရဟန်း

အရှင်မဟာကဿပ တောထွက်လာစဉ် မြတ်စွာဘုရားနှင့် တွေ့သောအခါ ‘တသ္မာတိဟ (၃) မဇ္ဈိမေသု စာတိ’ စသည်ဖြင့် ဗုဒ္ဓမြတ်စွာ ပေးတော်မူအပ်သော ဩဝါဒကို လက်ခံခြင်းကြောင့် ခွင့်ပြုအပ်သော ရဟန်း၏ အဖြစ်သို့ ရောက်ခြင်းကို ‘ဩဝါဒ ပဋိဂ္ဂဟဏရဟန်း’ဟု ဆိုပါသည်။

## အဋ္ဌဝါစိကရဟန်း

ဘိက္ခုနီဖြစ်လိုပါက ဘိက္ခုနီတို့အထံ၌ ဉတ္တိစတုတ္ထကမ္မဝါစာနှင့် ဘိက္ခုတို့အထံ၌လည်း ဉတ္တိစတုတ္ထကမ္မဝါစာ [illegible] လျှင် ( ) ကြိမ်မြွက်ဆိုသော ကမ္မဝါစာ နှစ်ကြိမ်အားဖြင့် ရှစ်ကြိမ်မြွက်ဆို၍ ရဟန်းအဖြစ်သို့ ရောက်ခြင်းကို ‘အဋ္ဌဝါစိကရဟန်း’ ဟု ဆိုပါသည်။

ဥက္ကဋ္ဌိစတုတ္ထ ရဟန်း

ရဟန်းယောကျ်ားသည် ဥတ်လျှင် လေးကြိမ်မြောက် ရှိသော ကမ္မဝါစာဖြင့် ယခုအခါ၌ ရဟန်းအဖြစ်သို့ရောက် ခြင်းကို 'ဥတ္တိစတုတ္ထရဟန်း'ဟု ဆိုပါသည်၊ ယခုအခါ၌ ယင်းဥတ္တိစတုတ္ထ ရဟန်းအဖြစ်သာလျှင် ရှိသည့်အတွက် ဦးသောပါကသည်လည်း ယင်းဥတ္တိစတုတ္ထ ကမ္မဝါဖြင့်ပင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

ပဉှာဗျာကရဏ ရဟန်း

သောပါကသာမဏေသည် (၇) နှစ်သား အရွယ်၌ ဗုဒ္ဓမြတ်စွာမေးအပ်သော ပြဿနာများကို ဖြေဆိုနိုင်ခဲ့ လေသည်၊ ယင်းသို့ ဖြေဆိုနိုင်ခဲ့သဖြင့် (၇) နှစ်သား အရွယ်မှာပင် ရဟန်းပြုရန် ခွင့်ပြုတော် မူခဲ့လေသည်၊ ဤသို့ ပြဿနာကို ဖြေဆိုနိုင်ခြင်းကြောင့် ခွင့်ပြုအပ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းကို 'ပဉှာဗျာကရဏ ရဟန်း' ဟု ဆိုပါသည်။

အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏရဟန်း

ဂရုဓမ် ရှစ်ပါးကို လက်ခံခြင်းကြောင့် မိထွေးတော် ဂေါတမီအား ခွင့်ပြုအပ်သော ဘိက္ခုနီရဟန်း၏ အဖြစ်သို့ ရောက်ခြင်းကို 'အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏရဟန်း' ဟု ဆိုပါ သည်။

ဒူတေန ရဟန်း

အဍ္ဎကာသီ ပြည့်တန်ဆာမသည် ဘိက္ခုနီပြုလိုပါသော် လည်းပဲ လူဆိုးများ လမ်းက ဖျက်ဆီးမည်ကို ကြောက်

သဖြင့် တမန်လွှတ်၍ ပြုခွင့်တောင်းရာ ထိုတမန်ဖြင့်ပင် ခွင့်ပြုအပ်သော ဘိက္ခုနီရဟန်းအဖြစ်သို့ ရောက်ခြင်းကို 'ဒူတေနရဟန်း'ဟု ဆိုပါသည်။

အန္တိမဘဝိကပုဂ္ဂိုလ်, ပရိသုဒ္ဓိပုဂ္ဂိုလ်, အရှင်မဟာကဿပ, ရှင်သောပါကတို့သည်သာ ပါရာဇိက အစရှိသော လောကဝဇ္ဇသို့ ရောက်ခြင်းငှာ မထိုက်ကြသော ကြောင့် သက်တော်သင်ရှား မြတ်စွာဘုရား လက်ထက်တော်အခါ၌သာ ဧဟိဘိက္ခုရဟန်း, သရဏဂမနရဟန်း, ဩဝါဒ ပဋိဂ္ဂဟဏရဟန်း, ပဉှာဗျာကရဏ ရဟန်းတို့၏ အဖြစ်ကို အစဉ်အတိုင်း ရရှိခဲ့ကြပါသည်။

အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏ အစရှိသော ရဟန်း၏အဖြစ်တို့ကို ဘိက္ခုနီများအား ခွင့်ပြုတော်မူအပ်သည် ဖြစ်၍ ယခုအခါ၌ ဉတ္တိစတုတ္ထ ရဟန်းအဖြစ်သည်သာ ရှိပေသည်။
[ကခ်ါ၊ ဋီ၊ သစ်၊ ၁၆၆]

ထို့ကြောင့် ဦးသောပါကအားလည်း ယင်းဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့်ပင် ရဟန်းအဖြစ်သို့ ရောက်အောင် သံဃာတော်များက ဆောင်ရွက်တော်မူခဲ့ကြခြင်းပင် ဖြစ်ပါသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူသည်နှင့် တစ်ပြိုင်နက် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်၊

မြတ်စွာဘုရားအား သူတစ်ပါးတို့ ပေးအပ်သော ရဟန်း အဖြစ်မည်သည် မရှိပါပေ။

[မိလိန္ဒပဉ္ဟာ၊ မြန်မာပြန်၊ ၈၇]

ပဉ္စင်းဆိုရာ

ဉတ္တိစတုတ္ထရဟန်းမျိုးသည် အင်္ဂါငါးမျိုးနှင့် ပြည့်စုံပါမှ ရဟန်းအဖြစ်သို့ ရောက်ရှိနိုင်ပေသည်။

ယင်း (၅) မျိုးကား

(၁) ရဟန်းလောင်းဖြစ်သူသည် ရဟန်းမဖြစ်နိုင်သည့် အပြစ်များမှ ကင်းလွတ်ပြီး အသက် (၂၀) ပြည့်ရခြင်း၊

(၂) ဉတ်ထဲမှာ အယုတ်အလျော့ အပိုအလွန် မရှိစေဘဲ ရွတ်ဖတ်ရခြင်း၊

(၃) သိမ်ကလည်း အောင်မြင်သည့်သိမ် ဖြစ်ရခြင်း၊

(၄) ကမ္မဝါစာကလည်း သိထိလ, ဓနိတ စသည်ဖြင့် မှန်ကန်စွာ ရွတ်ဖတ်ရခြင်း၊

(၅) ရဟန်းခံမည့် သိမ်တော်ထဲ၌ အနည်းဆုံး ငါးပါးရှိခြင်းတို့ ဖြစ်ကြပါသည်။

ရွှေဥမင်ဆရာတော်ဘုရားကြီးသည် ပါရာဇိကကဏ် အဋ္ဌကထာ နိဿယ ဒုတိယအုပ် (၂၀၄) တွင်

'ဝတ္ထုသမ္ပတ္တိ, ဉတ္တိသမ္ပတ္တိ, အနုသာဝနသမ္ပတ္တိ, သီမသမ္ပတ္တိ, ပရိသသမ္ပတ္တိတည်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံခြင်းကြောင့် ပဉ္စင်း'ဟုလိုလျက် 'ပဉ္စင်း'ဟူ၍ ခေါ်ဟာရ ဖြစ်သတည်း'

ဟူ၍ မိန့်ဆိုတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ပဉ္စင်းဟူသော ဝေါဟာရမှာ မူလ ပဉ္စအင်္ဂပါဠိပုဒ်မှ ပဉ္စင်္ဂ, ပဉ္စင်, ပဉ္စင်းဟူ၍ အဆင့်ဆင့် ပြောင်းလာကြောင်း မိန့်တော်မူခြင်းပင် ဖြစ်ပါသည်၊ အဓိပ္ပာယ်အားဖြင့်ကား အင်္ဂါငါးပါးနှင့်ပြည့်စုံရသူ(ဝါ) ရဟန်းဟူ၍ ဆိုခြင်းပင် ဖြစ်ပါသည်၊ ဝတ်, ဥတ်, သိမ်, ဂဏ်၊ ပရိသံ၊ ငါးတန်သမ္ပတ္တိ ဟူသည်ကား ရဟန်းခံခြင်း, ပဉ္စင်းခံခြင်း၏ အင်္ဂါငါးပါးပင် ဖြစ်ပါသည်၊ ယင်းအင်္ဂါငါးပါးနှင့် ပြည့်စုံကြစေရန် သံဃာတော်များ အထူးသတိထားတော်မူကြရန် လိုအပ်လှပေသည်၊ ဖြစ်ကတတ်ဆန်း ကရော်ကမယ် မလုပ်သင့်ကြပါပေ။

## ပဉ္စင်းနှင့်စပ်၍ အခြား မှတ်ဖွယ်များ

ပဉ္စင်းဟူသော ဝေါဟာရသည် ပုဂံခေတ်တွင် 'ပန်စင်' ဟု ရေးသားခေါ်ဝေါ် ပြောဆိုခဲ့ကြသောပုဒ်မှ ဆင်းသက်လာသော ဝေါဟာရတစ်ခု ဖြစ်သည်၊ 'ပန်စင်' အနက်သည် သူတော်သူမြတ်ပုံ သူဟူ၍ ဖြစ်သည်၊ ပုဂံခေတ်တွင်မူ မူလ 'ပန်စင်' ဟု ရေးကိုသောပုဒ်ကို နောက်ပိုင်းတွင် 'ပစင်' ဟု ပြောင်း၍ ရေးလိုလာသည်ကို သတိမှုသာ်ပါသည်၊ ထိုပုဒ်နှစ်ခုစ လုံးကိုလည်း ၁နောင် သံလေးဖြင့် 'ပန်စင်း' 'ပစင်း' ဟု ရေး ကိုလာကြောင်းရှိသည်၊ ထို့ကြောင့်သာ မျက်မှောက်ခေတ်အခါ တွင်လည်း 'ပဉ္စင်း' ဟု သံလေးဖြင့် ရှိလာသည်ဟု ဆိုရ၏။

မျက်မှောက်ခေတ်တွင်လည်း 'ပဍ္ဍင်း' ဟု သံခံလေးဖြင့် ရေးသော်လည်း ပုဂံခေတ်နှောင်းပိုင်း၌ကဲ့သို့ပင် 'ပစင်း' ဟု ရွတ်ဆိုလျက်ရှိသည့် အချက်က ယင်းပုဒ်၏ မူလမှာ ပုဂံခေတ် 'ပန်စင်' ပုဒ်ပင်ဖြစ်ကြောင်း သက်သေခံလျက် ရှိပေသည်၊ ပုဂံခေတ်တွင် မူလအရေး 'ပန်စင်' တွင် 'ပန်' ပုဒ်သည် ထိုခေတ်အုပ်ပင် ပန်စီ, ပန်ပု, ပန်ဘျာစသည်တို့၌ ကဲ့သို့ ပြုလုပ်ဖန်တီး-ဖန်ဆင်းပြုသူ, လုပ်သူ ဟောဖြစ်လေသည်၊ 'စင်' ပုဒ်သည် အား 'သင်ကြီး, သင်မှူး, မိသင်, မောင်မ' ဟုသည်တို့၌ သင်ပုဒ်, သျှင်ကြီး, သျှင်လူ, နသျှင်, မောင်သျှင် ဟုသည်တို့၌ သျှင်ပုဒ်၊ 'ဆင်ဒြောင်, ဆင်ဖြူ' ဆိုသည်တို့၌ ဆင်ပုဒ်တို့နှင့် မိတ်ဖွဲ့ ဘကျောမှ ဘရကိုးခန်းပျို့ အပိုဒ် (၁၆) တွင် 'ကြီး မြောင် စင် မြောက်၊ ထိုးနှင့် ပြောက်၏' စပ်သည်၌ စင်နှင့် နက်ကူဖြစ်၍ ကြီးမြတ်, ကြီးသူ, မြတ်သူဟောဖြစ်သည်၊ ပန်-ပုဒ်, စင်ပုဒ်တို့ကို ဖက်တွဲသော် ရအပ်သော 'ပန်စင်ပုဒ်၏ အနက်ရင်းမှာ 'သူမြတ်ပြုခြင်း၊ သူမြတ်ပြုသူ' ဖြစ်သည် ဟူ၍ ဆရာကြီးဦးဖိုးလတ်က သူ၏ မြန်မာစာ အဘိဓာန် ကာဒေါ မြန်မာစကား အဖွင့်ကျမ်း ဒုတိယတွဲ (၅/၆) ၌ ဆိုထားပါသည်။

ဆရာအချို့ကလည်း 'မြတ်သော အဖြစ်သို့ ရောက်ခြင်း၊ ပဍ္ဍင်းအဖြစ်၏ ပြည့်စုံခြင်းဟု အနက်အဓိပ္ပာယ်ရသည့် ဥပသမ္ပန္န-ဟူသော ပါဠိပုဒ်မှဆင်းသက်လာသည်၊ ဥပသမ္ပန္န ဥပသံ ၊ ဥပစင်း၊ ဦးစင်း၊ ဦးပဍ္ဍင်း ဟူ၍ အဆင့်ဆင့် ပြောင်းလာခဲ့သည်' ဟု ဆိုကြပါသေးသည်။

## အားပတ်ခုနစ်မျိုး

ရဟန်းတော်များ၌ အာပတ် သင့်ရောက်တတ်ကြပါသည် အကြီး, အသေး, အလေး, အပေါ့သာ ကွာခြားပါသည် လောက၌ မြင်တွေ့ရသူများနှင့် ပစ္စေကဗုဒ္ဓါတို့သာ အာပတ်သင့်ခြင်း မရှိနိုင်ကြပါ၊ ကိလေသာကုန်ခမ်းကြသည့် ရဟန္တာအရှင်မြတ်များသော်မှလည်း အာပတ်အချို့ သင့်ရောက်နိုင်ကြပါသေးသည်၊ ရဟန်းတော်များ သင့်ရောက်နိုင်သော အာပတ်များကား...

(၁) ပါရာဇိက အာပတ်၊
(၂) သံဃာဒိသေသ် အာပတ်၊
(၃) ပါစိတ်အာပတ်၊
(၄) ပါဋိဒေသနီ အာပတ်၊
(၅) ဒုက္ကဋ်အာပတ်၊
(၆) ထုလ္လစ္စည်းအာပတ်၊
(၇) ဒုဗ္ဘာသိအာပတ်... တို့ ဖြစ်ကြပါသည်။

ပါရာဇိကအာပတ်သည် လူ,သားသေအဖြစ်သို့ ပြုပါမှ စင်ကြယ်သွားတော့သည်၊ ပါရာဇိကအာပတ် အဖြစ်ရှိသော ရဟန်းတော်သည် တစ်ဖန် ရဟန်းမဝတ်ကောင်းတော့ပါ။

သံဃာဒိသေသ်အာပတ်ကိုတော့ ပရိဝတ်နေခြင်း၊ မာနတ်ဆောက်တည်ခြင်း၊ အဗ္ဗာန်သွင်းခြင်း ကိစ္စတို့ကို ဆောင်ရွက်ခြင်းဖြင့် သံဃာဒိသေသ်အာပတ်မှ လွတ်ကင်းသွားအောင် ပြုလုပ်နိုင်ပါသည်၊ ယင်းပါရာဇိကအာပတ်,

သံဃာဒိသေသ် အာပတ်နှစ်မျိုးဟာ ကြီးလေးသောကံ ဖြစ်သည့်အတွက် ဂရုကအာပတ်ဟု အမည်ပေးခဲ့ကြပါ သည်။

ကျန်အာပတ်ငါးမျိုးကိုကား ဒေသနာပြကြားခြင်း ဖြင့် အာပတ်မရှိသူ၏အဖြစ်သို့ ရောက်နိုင်ပါသည်၊ ယင်း အာပတ်(၅) မျိုးကို ပေါ့သောကံဖြစ်သောကြောင့် လဟု က အာပတ်ဟု ဆိုပါသည်။

သိက္ခာပုဒ် ၂၂၇-ပါး

ဘိက္ခုပါတိမောက်၌ သိက္ခာပုဒ်ပေါင်း (၂၂၇)ပါး ရှိပါသည်။ ယင်းတို့ကား....

| | |
|---|---|
| ပါရာဇိက | (၄)ပါး၊ |
| သံဃာဒိသေသ် | (၁၃)ပါး၊ |
| အနိယတ | (၂)ပါး၊ |
| နိဿဂ္ဂိယ | (၃၀)ပါး၊ |
| သုဒ္ဓပါစိတ် | (၉၂)ပါး၊ |
| ပါဋိဒေသနီ | (၄)ပါး၊ |
| သေခိယ | (၇၅)ပါး၊ |
| အဓိကရဏ သမထ | (၇)ပါး၊ |

အားဖြင့် (၂၂၇)ပါးဟူ၍ ဖြစ်ပါသည်၊ အကျယ်ကို ကား ဖော်ပြရန် နေရာမရပါသဖြင့် ဤမျှဖြင့် ကျေနပ်ကြ ပါရန် တောင်းပန်ပါသည်။

## အာပတ်သင့်ခြင်းအကြောင်း

ရဟန်းတော်များအား အာပတ်သင့်ခြင်း၏အကြောင်း (၆)ပါးရှိပါသည်။ ယင်း(၆)ပါးတို့ကား

(၁) အရှက်မရှိခြင်း၊
(၂) မသိခြင်း၊
(၃) အလိုအလိုနှိပ်စက်ခြင်း၊
(၄) မအပ်သည်၌ အပ်၏ဟု အမှတ်သညာရှိခြင်း၊
(၅) အပ်သည်၌ မအပ်ဟု အမှတ်သညာရှိခြင်း၊
(၆) သတိမေ့လျော့ခြင်းတို့ ဖြစ်ကြပါသည်။

## ဒေသနာကြား

လဟုက အာပတ်သင့်ရောက်ကြသော ရဟန်းတော်များသည် ဒေသနာပြောကြားခြင်းဖြင့် အာပတ်မှ ကင်းလွတ်စေနိုင်ပါသည်၊ ထို့ကြောင့် ရဟန်းသစ်များသည် ရဟန်းဖြစ်လာသည်နှင့် တစ်ပြိုင်နက်ဘည်း ဒေသနာ ပြောကြားတတ်ကြစေရန် ကြိုတင်၍ ကျက်ထား သင့်ကြပါသည်၊ ဒေသနာကြားခြင်းသည် ကိုယ့်ထက် ကြီး သည့် ရဟန်းတော် ထံ၌ ဒေသနာပြောကြားခြင်း၊ ကိုယ့်ထက် ငယ်သည့် ရဟန်းတော်ထံ၌ ဒေသနာပြောကြားခြင်း ဟူ၍ (၂)မျိုး ရှိပါသည်၊ ယင်းဒေသနာ ပြောကြားခြင်းကို အချားနားလည်ကြစေရန် ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါမည်။

## အယော်ကြား

ယော်။ ။အဟံ ဘန္တေ သဗ္ဗာအာပတ္တိယော အာဝိ-ကရောမိ၊

(အရှင်ဘုရား... ဟပည့်တော်သည် အလုံးစုံသော အာပတ်တို့ကို ထင်ရှားပြုပါ၏)

ကြီး။ ။သာဓု အာဝုသော သာဓု သာဓု၊
(ငါ့ရှင် ကောင်းပြီ၊ ကောင်းပြီ၊ ကောင်းပြီ)

ယော်။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာအာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှ မူလေ ပတိဒေသေမိ၊

(အရှင်ဘုရား တပည့်တော်သည် များစွာကုန်သော, အမျိုးမျိုးရှိကုန်သော, အလုံးစုံကုန်သော အာပတ်တို့သို့ ရောက်ပါပြီ၊ ထိုအာပတ်တို့ကို အရှင်ဘုရားတို့၏ထံ၌ ပြောပြပါ၏)

ကြီး။ ။ပဿသိ အာဝုသော တာ အာပတ္တိယော၊
(ငါ့ရှင်....ထိုအာပတ်တို့ကို ရှု၏လော)

ယော်။ ။အာမ ဘန္တေ ပဿာမိ၊
(အရှင်ဘုရား မှန်ပါ၊ ရှုပါ၏)

ကြီး။ ။အာယတိံ အာဝုသော သံဝရေယျာသိ၊
(ငါ့ရှင်....နောက်နောင်အခါ၌ မအာပတ်မသင့်အောင် စောင့်စည်းလော့)

ငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ၊
(အရှင်ဘုရား.... ကောင်းပါပြီ၊ ကောင်းစွာ
စောင့်စည်းပါမည်)

ကြီး။ ။သာဓု အာဝုသော သာဓု သာဓု၊
(ငါ့ရှင် ကောင်းပြီ၊ ကောင်းပြီ၊ ကောင်းပြီ)

## အကြီးကြား

ကြီး။ ။အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော
အာဝိကရောမိ၊

ငယ်။ ။သာဓု ဘန္တေ သာဓု သာဓု၊

ကြီး။ ။အဟံ အာဝုသော သမ္ဗဟုလာ နာနာ ဝဇ္ဇ
ကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ
တုယှမူလေ ပတိဒေသေမိ၊

ငယ်။ ။ပဿထ ဘန္တေ တာ အာပတ္တိယော၊

ကြီး။ ။အာမ အာဝုသော ပဿာမိ၊

ငယ်။ ။အာယတိံ ဘန္တေ သံဝရေယျာထ၊

ကြီး။ ။သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ၊

ငယ်။ ။သာဓု ဘန္တေ သာဓု သာဓု။

## ဝတ္ထုသဘာဂဖြစ်သဖြင့် ပြန်ကြားပုံ

ငယ်။ ။အဟံ ဘန္တေ သမ္ဗဟုလာ (....) ပတိဒေသေမိ၊

ကြီး။ ။ပဿတိ အာဝုသော တာ အာပတ္တိယော၊

ငယ်။ ။အာမ ဘန္တေ ပဿာမိ၊

ကြီး။ ။အာယတိံ အာဝုဓသော သံဝရေယျာသိ၊
ငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ၊
ကြီး။ ။သာဓု အာဝုသော သာဓု သာဓု။

## ဝါကပ်ပုံ

ရဟန်းတော်များသည် ဝါတွင်းကာလသို့ ရောက်လျှင် ကျောင်းမှာ ဝါကပ်၍ နေထိုင်ကြရသည်၊ ဝါကပ်ပုံကိုလည်း ဤသို့ မှတ်သားထားသင့်ပါသည်။

+ ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။
(၃)ကြိမ်ဆိုပါ။

(ဤကျောင်းတိုက်တာ အရံအတွင်း၌ ဤဝါတွင်း သုံးလပတ်လုံး ဝါကပ်ပါ၏)

ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ သုံးကြိမ်, နှစ်ကြိမ်, တစ်ကြိမ် နှစ်သက်သလို နှုတ်မြွက်ဆိုရပါမည်၊ ပြီးလျှင် သံဃာတော်များအားလုံးက သာဓုသုံးကြိမ် ခေါ်ဆိုရပါသည်။

## ဝါပန်ပုံ

ရဟန်းတော်များအား ဝါတွင်းအခါ၌ အကြောင်းကိစ္စများပေါ်ပေါက်လာခဲ့သော် (၇)ရက် အတွင်း ဝါပန်၍ ခရီးသွားကောင်းပါသည်။

+ အနုဇာနာထ ဘန္တေ သတ္တာဟေ ပဋိနိဝတ္တိဿာမိ ဟူ၍ လည်းကောင်း၊

+ သတ္တာ ဟဗ္ဘန္တရေ ပဋိ နိဝတ္တေဿာမိ ဟူ၍လည်းကောင်း ဝါပန်ရပါသည်၊ (၇)ရက်အတွင်း ပြန်လာအံ့ဟူ၍လည်း နှလုံးသွင်း၍ သွားကောင်းပါသည်။

## သွားနိုင်သည့်အကြောင်း

သီ တင်း သုံး ဖော် ငါး ယောက်, မိဘ နှစ် ပါး တို့ ၏ အကြောင်းကိစ္စရှိသော် မပင့်မဖိတ်သော်လည်း ဝါပန်၍ သွားအပ်၏၊ (၇) ရက်အတွင်း ပြန်လာရမည်သာ ဖြစ်ပါသည်။

ယင်း(၇)ယောက်တို့မှ ကြွင်းကျန်သောသူတို့၏ ကိစ္စ ဖြစ်ပါက ပင့်ခေါ်မှုရှိမှ ဝါပန်၍ သွားကောင်းပါသည်၊ ပင့်ခေါ်ရာ၌လည်း အပ်စပ်သည့်စကား ပါရှိပါမှ သွား သင့်ပါသည်။

## အပ်စပ်သောစကား

'ဣစ္ဆာမိ ဒါနဉ္စ ဒါတုံ၊ ဓမ္မဉ္စ သောတုံ၊ ဘိက္ခူစ ပဿိတုံ'

အရှင်မြတ်တို့အား လှူဒါန်းလိုပါသည်၊ ဟောပြောတော်မူသော တရားတော်ကို နာကြားလိုပါသည်၊ မျက်နှာတော်ကို ဖူးမြော်လိုပါသည်'

ဟူသော စကားများသည် အပ်စပ်သော စကားများ ဖြစ်ကြပါသည်၊ ယင်းစကားတစ်မျိုးမျိုးပါမှသွားကောင်း ပါသည်။

ထို့ကြောင့် ဆရာများက–

'သီတင်းသုံးဖော်၊ မိဘသော်၊ မခေါ်သွားထိုက်ပါ။
ထိုမှသေသ၊ ကြွင်းသမျှ၊ ပင့်မှသွားထိုက်ရာ။
လူလို့ နာလို၊ ဖူးမြော်လို၊ လျှောက်ဆိုအပ်သည်သာ'

ဟူ၍ စပ်ဆိုတော်မူခဲ့ကြပါသည်။

ဗုဒ္ဓအလိုတော်ကျ ရဟန်းခံနည်းဆောင်းပါးကို သာသနာတော်အတွက် တန်ဖိုးရှိစေရန် ရည်ရွယ်၍ ရေးသားခြင်း ဖြစ်ပါသည်၊ ဗုဒ္ဓအလိုတော်ကျရှင်ပြုနည်းဆောင်းပါး ရေးပြီးလျှင် ဤ 'ရဟန်းခံနည်း' ဆောင်းပါးကို ရေးသားခြင်း ဖြစ်ပါသည်။

[ဗုဒ္ဓအလိုတော်ကျ ရဟန်းခံနည်းပြီးပါပြီ]

မြတောင်–ကုမာရ (ပန်းတနော်)

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက
ဘွဲ့တံဆိပ်တော်ရ
တောင်တန်းသာသနာပြု
ဆရာတော်ကြီး

# ဦးဥတ္တမသာရ ၏ စာအုပ်ကောင်းများ...

- ▶ မေတ္တာစွမ်း အားလက်တွေ့အကျိုးများ၊
- ▶ ပရိတ်မေတ္တာတန်ခိုးထက်စေသောနည်း၊
- ▶ သံသရာဝဋ်ကိုလွတ်အောင်ရုန်းကြစို့ရဲ့၊
- ▶ ဘဝအောင်မြင်ရေးလမ်းညွှန်ဒေသနာ၊
- ▶ ဗုဒ္ဓဓမ္မလောကတရားပဒေသာ၊
- ▶ ရဟန်းဘဝချမ်းသာ |ပထမတွဲ၊ ဒုတိယတွဲ|၊

ယခင်က ထုတ်ဝေခဲ့ဖူးသော စာအုပ်အဟောင်းကို ပယ်ဖျက်၍
အသစ်တစ်ဖန် ပြန်လည်ရေးသားထားသော စာအုပ်ကောင်းကြီး ဖြစ်ပါသည်။

ရွှေလဝင်းစာပေ - ၁၄၄၊ ၅၀-လမ်း၊ ရန်ကုန်။ ဖုန်း• ၉၁၂၁၃

•• ဓမ္မဒါနအလှူရှင် ••